
mgyoe.com

# နိုင်ငံတကာ လုပ်ကြံမှုကြီးများ



တော်ရွှေး ဘျ

Assassination: Victims, Conspiracies and Near-misses

J. ANDERSON BLACK

MOAT THONE

၂၀၂၀

mgyoe.com

တတိယအကြိမ်

mgyoe.com

Assassination:
Victims, Conspiracies
And Near-Misses

J. ANDERSON BLACK



TUN0015
2,300.00 KS

mgyoe.com

mgyoe.com

နိုင်ငံတကာလုပ်ကြံမှုကြီးများ။ မောင်ထွန်းသူ
မျက်နှာဖုံးပန်းချီ - မှတ်သုံ
စာမျက်နှာ ၂၂၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈ စိတ်ကူးချိုချို၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နိုင်ငံတကာလုပ်ကြံမှုကြီးများ

# ASSASSINATION: VICTIMS, CONSPIRACIES AND NEAR-MISSES

**J. Anderson Black**

## မောင်ထွန်းသူ




တတိယအကြိမ် ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


မြန်မာပြန်သူ၏ အမှာ ... i

နိဒါန်း ၁

Assassination ဆိုတာ ဘာလဲ ... ၃
အစောပိုင်းလုပ်ကြံမှုများ ... ၄
ကူးစက်ခြင်း ... ၆
အရက်စက်ဆုံး လုပ်ကြံမှု ... ၇

လုပ်ကြံမှုကြီးများ ၉

ဂျူးလီယက်ဆီဇာ ... ၁၁
ရပ်စပြူတင် ... ၁၉
ဖရန့်ဇ်ဖာဒီနန် ... ၃၁
လီယွန်ထရော့စကီး ... ၃၉
ဂျီအိုရောဂီ အီဗန်နော့ မားကော့ဗ် ... ၄၇
စပင်ဆာပါစီဗယ် ... ၅၃
အေဘရာဟမ်လင်ကွန်း ... ၅၉
ဂျွန်အက်ဖ် ကနေဒီ ... ၆၇
ရောဘတ် ကနေဒီ ... ၇၉
မဟတ္တမဂန္ဒီ ... ၈၇
အင်ဒီရာ ဂန္ဒီ ... ၉၅
ရာဂျစ်ဂန္ဒီ ... ၁၀၅
မာတင်လူသာကင်း ... ၁၁၃
မယ်လ်ကွမ်အိက်စ် ... ၁၂၃
အန်ဝါဆာဒတ် ... ၁၂၇
အယ်လ်ဒိုမိုရို ... ၁၃၅
ဘတ်ဆီ ဆီးဂဲလ် ... ၁၄၁


mgyoe.com

mgyoe.com


အယ်လ်ကပုန်း ... ၁၄၇
ဂျွန်လင်ဒွန် ... ၁၅၅
အမေရိကန်သမ္မတနှစ်ဦး ... ၁၆၃

မအောင်မြင်သည့် လုပ်ကြံမှုကြီးများ ၁၇၁

သီအိုဒို ရု.စ်ဗဲ့ ... ၁၇၃
ဟာရီအက်စ် ထရူးမင်း ... ၁၇၇
ဂါရဲ ရှုးဒေါ့ဗ် ဖို့ဒ် ... ၁၈၁
ရော်နယ်ရေဂင် ... ၁၈၇
မာဂရက်သက်ချား ... ၁၉၃
ချားလ်စ် ဒီဂေါ ... ၂၀၁
အဒေါ့ဖ် ဟစ်တလာ ... ၂၀၇
ဗြိတိသျှ တော်ဝင်မိသားစု ... ၂၁၇
ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် ... ၂၂၃
နိဂုံး ... ၂၂၇


■

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏အမှာ

ဤစာအုပ် 'နိုင်ငံတကာလုပ်ကြံမှုကြီးများ' ကို ရေးသားရာ၌ J. Anderson Black ၏ Assassination-Victims, Conspiracy and Near-misses ကို အဓိက ထားပါသည်။

ဤစာအုပ်တွင် Assassination ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပြထားသည်။ ထို့ပြင်လည်း လူ့သမိုင်း၏ အစောဆုံးသောခေတ်က လုပ်ကြံမှုများအကြောင်း၊ လုပ်ကြံမှု၏ ကူးစက်တတ်သော သဘာဝနှင့် အစောပိုင်းကာလက အရက်စက်ဆုံးဟု ယူဆရသည့် လုပ်ကြံမှု စသည်တို့ကို အကျဉ်းချုပ်၍ ဖော်ပြထားပါသည်။

ဤစာအုပ်၏ 'နိုင်ငံတကာ လုပ်ကြံမှုကြီးများ' အပိုင်းတွင် လုပ်ကြံမှုပေါင်း ၂၁ မှု ပါဝင်သည်။ ရှေးရောမခေတ် 'ဂျူးလီးယက်ဆီဇာ' မှသည် ၁၈၈၁ ခုနှစ်နှင့် ၁၉၀၁ ခုနှစ်များက အလုပ်ကြံခံခဲ့ရသည့် အမေရိကန်သမ္မတနှစ်ဦးအထိ ပါဝင်သည်။ ယင်းနှစ်ဆယ့်တစ်ဦးထဲတွင် စတာလင်၏ပြိုင်ဘက် လီယွန်ထရော့စကီး၊ အေဘရာဟမ် လင်ကွန်း၊ ဂျွန် အက်ဖ် ကနေဒီ၊ ရောဘတ် ကနေဒီ၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီ၊ ရာဂျစ်ဂန္ဒီနှင့် အဆိုတော် ဂျွန်လင်နွန်တို့လည်း ပါဝင်ပါသည်။

'လုပ်ကြံမှု' ကို ကျူးလွန်ခဲ့သော လူသတ်သမားသည် နိုင်ငံအတွင်း၌ သမိုင်းကြောင်း အပြောင်းအလဲ ရှိလာလိမ့်မည်ဟု မျှော်လင့်သဖြင့် အခုလို လုပ်ကြံသတ်ဖြတ်ခြင်းလား။ သူ့အနေဖြင့် လူပုဂ္ဂိုလ်အား သတ်ဖြတ်ခြင်း မဟုတ်၊ နိုင်ငံ၏ သင်္ကေတတစ်ခုသဖွယ် ဖြစ်နေသူအား သတ်ဖြတ်ခြင်းလား၊ ယင်းမေးခွန်းများ၏အဖြေများသည် စိတ်ဝင်စားဖို့ ကောင်းသည်။

ဘာသာတရား၏ အဆုံးအမတွင် တည်ခဲ့သော 'မဟတ္တမဂန္ဒီ' သည် ငြိမ်းချမ်းရေးသမားကြီးဖြစ်၏။ သို့သော်လည်း သူ့ခမျာ လူသတ်သမားတစ်ဦး၏ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရရှာသည်။ အိန္ဒိယနိုင်ငံတစ်နိုင်ငံလုံးက ချစ်ခင်ကြည်ညိုခြင်းခံခဲ့ရသော ပုဂ္ဂိုလ်တစ်ယောက်သည် အခုလို လုပ်ကြံခံရပြီး သေရလိမ့်မည်ဟု မည်သူ တွေးတင်ရက်ပါမည်နည်း။

mgyoe.com

mgyoe.com

အမေရိကန်နိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ဖြစ်၏။ ထိုနိုင်ငံ၏ ဒီမိုကရက်တစ်သမ္မတ 'ဂျွန်အက်ဖ် ကနေဒီ' သည် လူသတ်သမားတစ်ဦးက ရက်စက်စွာ သေနတ်ဖြင့် ပစ်သတ်ခဲ့၍ သေဆုံးခဲ့ရရှာသည်။ အသက်ငယ်ငယ် သမ္မတတစ်ယောက်အနေဖြင့် အလွန်တော်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါလျက်နှင့် ဘာ့ကြောင့် အသတ်ခံရပါလိမ့်။

'ဂျွန်လင်နွန်' သည် တစ်ကမ္ဘာလုံးက ချစ်ခင်ခဲ့သည့် ပေါ့ပ်အဆိုတော် Pop Star တစ်ဦး ဖြစ်သည်။ သို့သော်လည်း သူသည် အဓိပ္ပာယ်မရှိ အသတ်ခံခဲ့ရ၏။ ဘာ့ကြောင့်နည်း။ ဤတစ်ချက်သည် စဉ်းစားစရာ ဖြစ်လာသည်။ လူသတ်သမားသည် လင်နွန်နှင့် ရန်သူလည်း မဟုတ်။ လူသတ်သမားများသည် ဘာ့ကြောင့် အထူးခြားဆုံးနှင့် အကျော်ကြား ဆုံးသော လူတွေကို ရွေးပြီး သတ်နေကြရပါသနည်း။ ထိုမေးခွန်းသည်လည်း လူအများ၏ ကြားတွင် မေးသင့် မေးထိုက်သည့် မေးခွန်းတစ်ခု ဖြစ်လာလေသည်။

ဤစာအုပ်တွင် လုပ်ကြံခံရသူများ၏ အကြောင်းကိုသာမက လုပ်ကြံသူများ၏ အကြောင်းများကိုပါ ဖော်ပြထားသည်။ သို့ဖြစ်ရာ ထိုသူများ၏ စိတ်နေစိတ်ထား မမှန်ကန်မှုများကို လေ့လာသိရှိနိုင်ဖွယ်ရာ ရှိ၏။ အထူးသဖြင့် ထိုသူများ၏ အတွေးအခေါ် မှုမမှန်မှုနှင့် အစွန်းရောက်မှုများကို တွေ့ကြရလိမ့်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤလူစုသည် 'အရူး အရူးနှင့် အိမ်ဦးချေးတတ်ယိုနေသည့် လူစားများ' ဟု ဆိုပါက မှားနိုင်မည် မထင်ပေ။

သူတို့သည် သူတို့၏ ရူးသွပ်မှုကို အခြေခံကာ လူ့အဖိုးတန်များအား သတ်ဖြတ်နေကြခြင်းဖြစ်၏။ သူတို့လို လူစားများက လူချစ်လူခင်များသော အဖိုးတန်လူများအား လုပ်ကြံသတ်ဖြတ်သည့်အခါ 'လူကို ခွေးသတ်သည့်သဘော' သက်ရောက်လျက်ရှိသည်။ တန်ဖိုးမရှိသည့် လူဆိုးလူညစ် လူမိုက်တစ်ယောက်အား လုပ်ကြံသတ်ဖြတ်ခြင်းမှာမူ 'ခွေး ခွေးချင်း အသေကိုက်၍ သေရခြင်းမျိုး' ဖြစ်သဖြင့် သေသူနှစ်ဦးစလုံးအတွက် နှမြောစရာလည်း မရှိ၊ ဝမ်းနည်းစရာလည်း မလို။

■

ဤစာအုပ်၏ တတိယပိုင်းမှာ လုပ်ကြံခံခဲ့ရသော်လည်း အသက်မသေဘဲ လွတ်မြောက်သွားကြသူများအကြောင်းကို ဖော်ပြထားသည်။ 'မအောင်မြင်သည့် လုပ်ကြံမှုကြီးများ' ဟု အမည်ပေးထားသည့်အပိုင်းတွင် ပုဂ္ဂိုလ်ပေါင်း ဆယ်ဦးခန့် ပါဝင်သည်။ ဗြိတိသျှဘုရင်မကြီး အယ်လီဇဘတ်၏ ဝမ်းကွဲတစ်ဦးမှာမူ လုပ်ကြံသူတို့၏ လက်ချက်ဖြင့် အသက်သေဆုံးသွားခဲ့ရသဖြင့် ဆယ်ဦးစာရင်းတွင် ထည့်သွင်းမထားပေ။

အသက်မသေဘဲ လွတ်မြောက်သွားသူများထဲတွင် 'အဒေါ့ဖ်ဟစ်တလာ' အမည်ရှိ ဖက်ဆစ်ဝါဒီကြီးတစ်ဦး ပါသည်။ လူသည် သူ့နိုင်ငံသူနိုင်ငံသားများ အပေါ်၌ ရက်စက်ယုတ်မာသူဖြစ်၏။ သူ့ 'အတ္တ' မှတစ်ပါး အခြား ဘာကိုမှ တန်ဖိုးမထားသည့် လူဆိုးလူယုတ်တစ်ဦးဖြစ်၏။ လူ့လိုလူစား အသက်မသေဘဲ လွတ်မြောက်ရခြင်းကိုမူ မည်သူမျှ ဝမ်းသာလိမ့်မည် မထင်ပေ။

mgyoe.com

mgyoe.com

ယင်းတို့အုပ်စုထဲတွင် 'သီအိုဒိုရုစဗဲ့၊ အာရီအက်စ် ထရူးမင်း၊ ရော်နယ်ရေဂင်၊ မာဂရက်သက်ချား၊ ချားလ်စ်ဒီဂေါနှင့် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်' တို့၏အဖြစ်သည် စိတ်ဝင်စားဖွယ် ကောင်းရုံမျှမက သင်ခန်းစာယူစရာတွေ အများကြီးရှိနေသည်ကို တွေ့ရပါလိမ့်မည်။

■

ဤစာအုပ်ကို ရေးသားပြုစုရာ၌ J. Anderson Black ၏ Assassination အမည်ရှိ စာအုပ်တစ်အုပ်တည်းကိုသာ ကိုးကားခဲ့သည် မဟုတ်ပါ။ ယင်းစာအုပ်ကို အခြေခံခဲ့သည်မှာ မှန်သော်လည်း လိုအပ်သည့် အချက်များ ရယူလိုသည့်အခါတိုင်း နယူးစ်ဝိခ် မဂ္ဂဇင်း အဟောင်းများကိုသာမက David C. Whitney ရေးသားပြုစုထားသည့် The American Presidents စာအုပ်ကိုပါ ကိုးကားခဲ့ပါသည်။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ASSASSINATION ဆိုတာ ဘာလဲ

ASSASSINATION ဟူသော အင်္ဂလိပ်စကားလုံးသည် မြန်မာဘာသာဖြင့် 'လုပ်ကြံမှု' သို့မဟုတ် 'လုပ်ကြံသတ်ဖြတ်ခြင်း' ဟု အနက်အဓိပ္ပါယ်ရသည်။ ယင်း Assassination မှာ 'လုပ်ကြံသတ်ဖြတ်သည်' သို့မဟုတ် 'ချောင်းမြောင်းသတ်ဖြတ်သည်' ဟု အနက်အဓိပ္ပာယ်ရသော **Assassinate** မှ လာခြင်းဖြစ်လေသည်။

ယင်းစကားလုံးများမှ ယှက်နွယ်၍ ဆင်းသက်လာသည့် စကားလုံးတစ်လုံး ရှိသေးသည်။ ယင်းမှာ **ASSASSIN** ဟူသော စကားလုံးဖြစ်၍ 'လုပ်ကြံသူ' သို့မဟုတ် 'လုပ်ကြံသတ်ဖြတ်သူ' ဟု အနက်အဓိပ္ပာယ်ရသည်။ ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကို ကြည့်၍ 'ချောင်းမြောင်းသတ်ဖြတ်သူ' ဟုလည်း သုံးကြသည်။

ပညာရှင်အချို့ကမူ ယင်းစကားလုံး **ASSASSIN** သည် အာရပ်ဘာသာစကားဖြစ်သည့် Hashashin 'ဟာရှာရှင်' မှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု အခိုင်အမာဆိုကြသည်။ အတိအကျပြောရမည် ဆိုပါက 'Hashish Eaters' 'ဆေးခြောက်စားသုံးသူများ' ဟု အဓိပ္ပာယ်ရသည်။ Hashish (Hasheesh) ဟူသော အာရပ်ဘာသာစကားသည် ကိုကင်း သို့မဟုတ် ဆေးခြောက်ဟု အဓိပ္ပာယ်ရသည်။

ထိုစကားလုံးကို သုံးစွဲခဲ့ကြခြင်းမှာ တစ်ဆယ့်တစ်ရာစုခေတ်အတွင်းက ရှိခဲ့သော **Shi'ite Musling 'ရှီအိုက် မူဆလင်များ'** ကို ရည်ညွှန်းဖော်ပြရန် ဖြစ်သည်။ ယင်းမူဆလင်များမှာ 'တောင်တန်းထက်မှ အဘိုးအို[၁]' ဟူသော အမည်ဖြင့် ထင်ရှားကျော်ကြားခဲ့သည့် 'ဟာဆန်အီဆင်အာလ်–ဆာဘာ[၂]' နောက်လိုက်တပည့်များ ဖြစ်သည်။

ထိုစဉ်က ဟာရှာရှင်များသည် ပါရှားနိုင်ငံတွင်းရှိ 'အလာမတ်ရဲတိုက်[၃]' ၌ နေထိုင်ကြသည်။ ဤလူစုသည် ခက်ထန်ကြမ်းကြုတ်ပြီး ရက်စက်သော စစ်သည်များအဖြစ်

---

၁။ The Old Man of the Mountain
၂။ Hasan Ibn al- Sabah
၃။ The Castle of Alamut

mgyoe.com

mgyoe.com

နာမည်ကြီးခဲ့ကြပြီး အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို မငြိမ်မဆိမ်ဖြစ်နေအောင် မွှေနှောက်ခဲ့ကြသူများ ဖြစ်၏။ သူတို့သည် သူတို့၏ ဩဇာအာဏာကို ရယူခြင်းနှင့် ထိန်းချုပ်ခြင်းပြုရာ၌ သူတို့၏အတိုက်အခံများကို သုတ်သင်ဖယ်ရှားသောနည်းကို စနစ်တကျ အသုံးပြုခဲ့ကြလေသည်။

ဆယ့်နှစ်ရာစုနှင့် ဆယ့်သုံးရာစုနှစ်များအတွင်းက ဖြစ်ပွားခဲ့သော ကရူးဆိတ်ဘာသာရေးစစ်ပွဲများ၌ ပါဝင်တိုက်ခိုက်ခဲ့ကြသည့် ကရူးဆိတ်ဒါးခေါ် တိုက်ပွဲဝင် ခရစ်ယာန်များသည် ဟာရှာရှင်တို့နှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထိုစစ်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့ကြသည့် ကရူးဆိတ်ဒါးများမှာ အင်္ဂလန်နိုင်ငံနှင့် ဥရောပနိုင်ငံများမှ ခရစ်ယာန်များ ဖြစ်ကြသည်။ သူတို့သည် 'ဟာရှာရှင်' ဟူသော အာရပ်စကားကို ပီပီသသ မခေါ်တတ် မပြောတတ်ကြ။ ဤတွင် ပြင်သစ်တို့သည် 'ဟာရှာရှင်' ဟူသော အာရပ်စကားကို သူတို့ခေါ်တတ် ပြောတတ်သလို ပြောရာမှအစ စကားလုံးအသံထွက်သည် ပျက်ပြားသွားပြီး **'အက်စ်ဆက်ဆင် ASSASSIN'** ဟူ၍ ဖြစ်လာခဲ့လေသည်။

ထို့နောက် မြောက်ပိုင်းဥရောပနိုင်ငံများသည် ဤစကားလုံးကို အသုံးပြုခဲ့ရာမှစ၍ ချိမ်းဘားအင်္ဂလိပ်အဘိဓာန်တွင် အနက်အဓိပ္ပာယ်ကိုပါ ဖွင့်ဆိုသည်အထိ ဖြစ်လာခဲ့၏။ ယင်းအဘိဓာန်တွင် ဖော်ပြထားသည့်အတိုင်း ဆိုပါက Assassin ဆိုသည်မှာ 'နိုင်ငံရေးကို အကြောင်းပြု၍ ရုတ်တရက် တိုက်ခိုက်ခြင်း သို့မဟုတ် လျှို့ဝှက်၍ လုပ်ကြံသတ်ဖြတ်ခြင်းစသည်တို့ကို ကျူးလွန်သူအား ခေါ်ဆိုခြင်းဖြစ်သည်' ဟု ရှင်းလင်းထားသည်ကို တွေ့ခဲ့ကြရလေသည်။

အမှန်တော့ လုပ်ကြံသတ်ဖြတ်မှုများသည် ဆယ့်တစ်ရာစုနှစ် မတိုင်မီကာလနှင့် ဟာရှာရှင် မူဆလင်ဂိုဏ်း တည်ရှိမလာမီ နှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်တည်ရှိလာခဲ့ကြခြင်း ဖြစ်၏။ နိုင်ငံရေးနယ်ပယ်တွင် မိမိတို့အကျိုးဖြစ်ထွန်းမှု တစ်ခုတည်းကို ရှေ့ရှု၍ သတ်ဖြတ်ခြင်းသည် ခရစ်ယာန်တို့၏ 'ဓမ္မဟောင်းကျမ်း[၁]' ထဲ၌ ဖော်ပြထားခဲ့သည်ဖြစ်ရာ ယင်းလုပ်ရပ် သို့မဟုတ် နည်းသည် သမိုင်းမတင်မီ ခေတ်ကတည်းက စောစီးစွာ ပေါ်ပေါက်လာခဲ့ပြီး ကျင့်သုံးလာခဲ့ကြသည်ဟု ယူဆဖွယ်ရာရှိသည်။

## အစောပိုင်း လုပ်ကြံမှုများ

ကမ္ဘာ့သမိုင်းတွင် အထူးဥးဆုံးနှင့် အထင်ရှားဆုံးဖြစ်ခဲ့ရသည့် 'ပထမဆုံးသော လုပ်ကြံသတ်ဖြတ်မှု' မှာ ဘီစီ ၄၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် 'ဂျူးလီးယက်ဆီဇာ[၂]' အား လုပ်ကြံသတ်ဖြတ်မှုပင် ဖြစ်သည်။ ထိုစဉ်က ဂျူးလီးယက်ဆီဇာသည် သူ့နိုင်ငံရေး ပြိုင်ဘက်များ သို့မဟုတ် အတိုက်အခံများက ဆီးနိတ်လွှတ်တော်တွင်း၌ ဓားနှင့်ထိုး၍ အသတ် ခံခဲ့ရခြင်း ဖြစ်၏။

---

၁။ The Old Testament
၂။ Julius Caesar

mgyoe.com

mgyoe.com

'ဂျူးလီးယက်ဆီဇာ' အား လုပ်ကြံသတ်ဖြတ်ခြင်းသည် အစဉ်အလာတစ်ခုလို ဖြစ်သွားခဲ့သည်။ ဤလုပ်ကြံမှု ဖြစ်ပွားခဲ့ပြီးသည့် နောက်ပိုင်းတွင် ရောမသမိုင်းသည် နိုင်ငံရေး လုပ်ကြံသတ်ဖြတ်မှုများဖြင့် ပြည့်လာခဲ့သည်။ ယင်းဖြစ်စဉ်များထဲတွင် 'ဂျူးလီးယက်ဆီဇာ' ၏နောက် ဒုတိယအထင်ရှားဆုံးသော ပုဂ္ဂိုလ်မှာ ရူးသွပ်ပြီး အလွန်အကျင့်ပျက်ပြားနေသော 'ဂေးလီးယပ်စ် ဆီဇာ[၁]' ဖြစ်သည်။ သမိုင်းတွင် သူ့အား 'ကာလီဂူလာ[၂]' ဟူသောအမည် ဖြင့် လူသိများခဲ့ကြသည်။ သူ့အား အေဒီ ၄၁ ခုနှစ်တွင် သူ့ကိုယ်ရံတော်တပ် 'ပရေတိုရီယမ် တပ်ဖွဲ့[၃]' ဝင်များက လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် သူ့အရိုက်အရာကို ဆက်ခံခဲ့သူ 'ကလောဒီးယပ်စ်[၄]' သူ့ဇနီး 'အဂရစ်ပီနာ[၅]' က အေဒီ ၅၄ ခုနှစ်တွင် အဆိပ်ခပ်၍ လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ဤလုပ်ကြံမှုမှာလည်း နိုင်ငံရေးအရ ဖြစ်ပေါ်လာခဲ့ သည့် လုပ်ကြံမှုပေတည်း။

'ကလောဒီးယပ်စ်' လုပ်ကြံခံရပြီးသည့်နောက်ပိုင်းတွင် 'ဧကရာဇ်ဘုရင်အုပ်စိုး သောစနစ် ထွန်းကားခဲ့သည့် ရောမနိုင်ငံတွင် လုပ်ကြံမှုသည် အများက လိုက်နာကျင့်သုံးနေ သည့် အစဉ်အလာစနစ်တစ်ခုလို ဖြစ်လာသည်။ ယင်းသို့ဖြစ်လာရခြင်းသည် နိုင်ငံအတွက်ရော နိုင်ငံသူ နိုင်ငံသားများအတွက်ပါ ကံမကောင်း အကြောင်းမသင့်ခြင်းဟု ဆိုရမည်ဖြစ်သည်။ မိမိတစ်ဦးတည်း သို့မဟုတ် မိမိ၏အဖွဲ့အစည်းတစ်ခုတည်း အကျိုးဖြစ်ထွန်းမှုကိုသာ အဓိက ထားသူများအဖို့ လုပ်ကြံမှုသည် နိုင်ငံရေးနယ်ပယ်တွင် ကစားစရာ လက်နက်တစ်ခုသဖွယ် ဖြစ်လာခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ယင်းလုပ်ကြံမှုနည်းလမ်းသည် ဟစ်ကိုယ်ကောင်းဆန်သော၊ အတ္တအားကြီးသော၊ မိမိတို့အကျိုးစီးပွား ဖြစ်ထွန်းရေးကိုသာ အဓိကထားသော လူများအတွက် ပြည်သူတို့အား ခြိမ်းခြောက်စရာနှင့် ဒုက္ခပေးစရာ နိုင်ငံရေးလက်နက်ကြီးတစ်ခု ဖြစ်လာခဲ့၏။ ဤသို့ဖြင့် 'ကလောဒီးယပ်စ်'ကွယ်လွန်ပြီးနောက် နှစ်ပေါင်းလေးရာအတွင်း ရောမအင်ပါယာ အတွင်း၌ အလွန်ထူးခြားထင်ရှားသည့် နိုင်ငံရေးသမား အများအပြားနှင့် နောက်ပိုင်းဆက်ခံ သည့် အင်ပါယာဘုရင် နှစ်ဆယ် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရလေသည်။

'အရှေ့ပိုင်း ရောမအင်ပါယာ' ၏ ဧကရာဇ်ဘုရင် အများအပြားသည် ကွန်စတန် တင်နိုပယ်တွင် လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်က များ၏။ အေဒီ ၃၇၈ ခုနှစ်တွင် ရောမအင်ပါယာ၏ ဧကရာဇ်ဘုရင် 'ဗေလင်[၆]' သည် ရောမအင်ပါယာကို ကျူးကျော်တိုက် ခိုက်လာသည့် ဂျာမန်နွယ်ဝင် 'ဂေါ့သ်လူမျိုးများ[၇]' ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရ၏။ ဂေါ့သ်တို့မှာ ရိုင်းစိုင်းသော လူမျိုးများဖြစ်၍ အေဒီ ၃ ရာစု၊ ၄ ရာစုနှင့် ၅ ရာစုနှစ်များအတွင်းက ရောမအင်ပါယာကို အနိုင်ယူသိမ်းပိုက်သွားခဲ့ကြသူများ ဖြစ်သည်။

'ဗေလင်း' လုပ်ကြံခံရပြီးနောက် အေဒီ ၆၀၂ ခုနှစ်တွင် 'ဖလေးဗီးယပ်စ်

၁။ Gaius Caesar
၂။ Caligula
၃။ Praetorian Guard
၄။ Claudius
၅။ Agrippina
၆။ Valens
၇။ Goths

mgyoe.com

mgyoe.com

တိုင်ဘာရီးယပ်စ် မောရီးစီးယပ်[၁]' အလုပ်ကြံခံခဲ့ရ၏။ ထို့နောက် အေဒီ ၆၄၁ ခုနှစ်တွင် 'တတိယမြောက် ကွန်စတန်တင်[၂]'၊ ၆၆၈ ခုနှစ်တွင် 'ဒုတိယမြောက် ကွန်စတန်[၃]'၊ ၇၁၁ ခုနှစ်တွင် 'ဒုတိယမြောက် ဂျပ်စတီးနီးယန်း[၄]'၊ ၇၂၁ ခုနှစ်တွင် 'ဒုတိယမြောက် အေနတ်စ်တစီးယပ်စ်[၅]' နှင့် ၇၉၇ ခုနှစ်တွင် 'ဆဋ္ဌမမြောက် ကွန်စတန်တင်[၆]' ကေရာဇ်ဘုရင်များ လုပ်ကြံခံခဲ့ရသည်။

ဤအုပ်စုထဲ၌ နောက်ဆုံးလုပ်ကြံခံခဲ့ရသူ 'စတုတ္ထမြောက် ကွန်စတင်' မှာ သူ့မိခင်ကိုယ်တိုင်က အမိန့်ပေးသဖြင့် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသူဖြစ်သည်။ ထို့နောက် အေဒီ ၁၀၇၂ ခုနှစ်တွင် 'စတုတ္ထမြောက် ရိုမင်နပ်စ်[၇]' နှင့် ၁၁၈၃ ခုနှစ်တွင် 'ဒုတိယမြောက် အလက်ဆီးယပ်စ်[၈]' တို့ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ကြရ၏။

'စတုတ္ထမြောက် အလက်ဆီးယပ်စ်[၉]' အဖြစ် နန်းတက်လာသည့် ရောမကေရာဇ်ဘုရင်မှာ သူ့အား ဆက်ခံခဲ့သူ 'ပဉ္စမမြောက် အလက်ဆီးယပ်စ်[၁၀]' က လုပ်ကြံသတ်ဖြတ်၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ယင်း 'ပဉ္စမမြောက် အလက်ဆီးယပ်စ်' မှာလည်း ၁၂၀၄ ခုနှစ်အတွင်း ကွန်စတန်တင်နိုပယ်မြို့ကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည့် စိတ်ဓာတ်အလွန်ပြင်းထန်သော ကရူးဆိတ်ဒါး စစ်သည်များက မြို့တွင်းရှိ ကျောက်တိုင်ကြီးတစ်တိုင်ထက်မှ ပစ်ချပြီး လုပ်ကြံသတ်ဖြတ်ပစ်ခဲ့ကြလေသည်။

## ကူးစက်ခြင်း

သမိုင်းမှတ်တိုင်များအရ ခေတ်ဦးပိုင်းက ရှိခဲ့သော ပုပ်ရဟန်းမင်းကြီးများထဲမှ အတော်များများသည် လုပ်ကြံခံရ၍ သေဆုံးခဲ့ကြသည်။ အေဒီ ၈၈၂ ခုနှစ်တွင် 'အဋ္ဌမ မြောက် ပုပ်ရဟန်းမင်းကြီး ဂျွန်[၁၁]' သည် လုပ်ကြံသူတစ်ဦးက ဓားနှင့်ထိုးသတ်သဖြင့် သေဆုံးခဲ့ရသည်။ အေဒီ ၈၉၇ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး 'အဋ္ဌမမြောက် စတီဗင်[၁၂]' သည် လုပ်ကြံသူတစ်ဦးက လည်ပင်းညှစ်သတ်သဖြင့် သေဆုံးခဲ့ရ၏။ ထိုနည်းတူစွာပင် အေဒီ ၉၇၄ ခုနှစ်တွင် 'ဆဋ္ဌမမြောက် ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်[၁၃]' သည် လုပ်ကြံသူက လည်ပင်းညှစ်၍ သတ်သွားခြင်းကို ခံခဲ့ရသည်။

နိုင်ငံရေးလုပ်ကြံသတ်ဖြတ်မှုသည် မြေထဲပင်လယ်ဒေသမှ နိုင်ငံများဆီသို့လည်း ကူးစက်ပျံ့နှံ့သွားခဲ့သည်။ နော်ဝေနိုင်ငံ 'ဘုရင် မဟာ ဟားကွန်[၁၄]' သည် အေဒီ ၉၉၅ ခုနှစ်တွင် သူ့ကိုယ်ရံတော်တပ်မှ စစ်သားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ သူ့အား

---

၁။ Flavius Tiberius Mauricius
၂။ Constantine III
၃။ Constans II
၄။ Justinian II
၅။ Anastasius II
၆။ Constantine VI
၇။ Romanus IV
၈။ Alexius II
၉။ Alexius IV
၁၀။ Alexius V
၁၁။ Pope John VIII
၁၂။ Steven VI
၁၃။ Benedict VI
၁၄။ King Had Kon the Great

mgyoe.com

ဆက်ခံခဲ့သည့် 'ဒုတိယမြောက် စတိန်း[၁]' သည် သက္ကရာဇ် ၁၁၅၇ ခုနှစ်တွင် လည်းကောင်း 'ဒုတိယမြောက် ဟာကွန်ဘုရင်[၂]' သည် ၁၁၆၂ ခုနှစ်တွင်လည်းကောင်း အလုပ်ကြံ ခံခဲ့ကြရလေသည်။

အမျိုးအနွယ်များကိုသာ ဦးစားပေး၍ ရှေ့တန်းတင်လေ့ရှိသော ဘုရင်များကြီးစိုးရာ စကော့တလန်နိုင်ငံတွင် 'ပထမမြောက် ဒွန်ကန်ဘုရင်[၃]' သည် ၁၀၄၀ ခုနှစ်တွင် 'မက်ဘတ်ဘုရင်[၄]' မှာလည်း ၁၀၅၇ ခုနှစ်တွင် 'တတိယမြောက် မယ်လ်ကွန်ဘုရင်[၅]' အဖြစ် ထင်ရှားခဲ့သူ၏ လုပ်ကြံခြင်းကို ခံခဲ့ရသည်။ အလွန်ထူးခြားသည်ဟု ဆိုအပ်သော ဖြစ်ရပ်တစ်ခုမှာ ၁၀၈၆ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ၏ ဘုရင် 'စတုတ္ထမြောက် ကနူတီ[၆]' မှာ လူအုပ်တစ်အုပ်၏ လုပ်ကြံမှုကို ခံခဲ့ရခြင်းပင် ဖြစ်ပေသည်။

## အရက်စက်ဆုံး လုပ်ကြံမှု

၁၁၀၀ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ 'ဘုရင် ဝီလျံရူးပိစ်[၇]' သည် အမဲလိုက်ခရီး ထွက်နေစဉ်အတွင်း လုပ်ကြံခဲ့ရသည်။ ထို့နောက် နှစ်ပေါင်းခုနှစ်ဆယ်အကြာ သက္ကရာဇ် ၁၁၇၀ ခုနှစ် ခရစ္စမတ်နေ့တွင် 'ကင်တာဘာရီမှ ခရစ်ယာန်ဂိုဏ်းချုပ်ကြီး သောမတ် ဘက်ကက်[၈]' သည် သူ၏ဝတ်ကျောင်းအတွင်း၌ 'ဒုတိယမြောက် ဟင်နရီဘုရင်' ၏ စစ်သားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရလေ၏။

၁၃၂၇ ခုနှစ်တွင် နန်းချခံထားရသော 'ဒုတိယမြောက် အက်ဒ်ဝပ်ဒ်ဘုရင်[၉]' အား စစ်သားများက မီးရဲရဲတောက်နေသော မီးဆွသံချောင်းဖြင့် ရက်ရက်စက်စက် လုပ်ကြံ သတ်ဖြတ်ခဲ့ကြသည်။ ကမ္ဘာ့သမိုင်းတွင် အရက်စက်၊ အကြမ်းကြုတ်ဆုံးသော လုပ်ကြံမှုတစ်ခု ဟု သမိုင်းပညာရှင်များက မှတ်တမ်းတင်ထားခဲ့ကြလေသည်။ ၁၄၈၃ ခုနှစ်တွင် 'တတိယမြောက် ရစ်ချတ်ဘုရင်[၁၀]' ၏ အမိန့်အရ အသက် ဆယ့်လေးနှစ်မျှသာ ရှိသေးသော 'စတုတ္ထမြောက် အက်ဒ်ဝပ်ဒ်ဘုရင်[၁၁]' နှင့် သူ့ညီငယ်တို့သည် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ကြရ၏။

ပြင်သစ်နိုင်ငံ၏ အမျိုးသမီးသူရဲကောင်းဟု သတ်မှတ်ခြင်းခံခဲ့ရသည့် 'ဂျုံး အော့ဖ်အတ်ခ်[၁၂]' မှာလည်း အသေအချာ ဆန်းစစ်လိုက်သည့်အခါ စနစ်တကျ စီစဉ် ဆောင်ရွက်ပြီးမှ မီးရှို့၍ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်ဟု ပြောနိုင်ဖွယ်ရာရှိ၏။ ဂျုံးအော့ဖ် အတ်ခ် လုပ်ကြံခံရပြီးနောက် နှစ်ပေါင်းလေးရာခန့်အကြာတွင် 'ပါရီမြို့၏ ခရစ်ယာန်ဂိုဏ်း ချုပ်ကြီး

---

၁။ Eystein II
၂။ Haakon II
၃။ King Duncan I
၄။ King Mac Beth
၅။ King Malcolm III
၆။ King Canute IV
၇။ King William Rutus
၈။ Thomas Becket, the Archbishop of Canterbury
၉။ King Edward II
၁၀။ Richard III
၁၁။ King Edward IV
၁၂။ Joan of Arch

mgyoe.com

mgyoe.com

**ဒင်းနစ္စအက်ဖရီ**[၁]' သည် ၁၈၄၈ ခုနှစ် တော်လှန်ရေးပုန်ကန်မှု အရေးအခင်း ကာလအတွင်း လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။ သူ့အား ဆက်ခံခဲ့သည့် 'ဂိုဏ်းချုပ်ကြီး မာရီ ဒိုဗိကွိ ဩဂတ်စတီဆီဘာ' မှာလည်း ၁၈၅၇ ခုနှစ်တွင် ဘုန်းကြီးရူးတစ်ပါးက ဓားနှင့် ထိုး၍ လုပ်ကြံသဖြင့် သေဆုံးခဲ့ရလေသည်။

ကမ္ဘာ့သမိုင်းတွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသူများ၏စာရင်းကို လုပ်မည်ဆိုပါက အရေအတွက်အားဖြင့် အများအပြား ရှိလိမ့်မည်ဖြစ်၏။ နိုင်ငံရေးကို အကြောင်းပြု၍ သတ်ဖြတ်သော လုပ်နည်းလုပ်ဟန်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ခန့်ကတည်းက အခြေတည် လာခဲ့ခြင်းဖြစ်သည်။ လူတို့၏ ယဉ်ကျေးမှုသည် တိုးတက်ဖွံ့ဖြိုးလာနေပါပြီဟု အဆိုပြုနေကြ သော်လည်း နိုင်ငံရေးအရ အမြင်ချင်းမတူပါက သို့မဟုတ် မိမိတို့ထက် အဘက်ဘက်တွင် သာလွန်နေပါက လုပ်ကြံသတ်ဖြတ်သောနည်းကို အောက်တန်းကျသောစိတ်ဖြင့် ဆက်လက် အသုံးပြုနေကြဆဲ ဖြစ်လေသည်။

ထို့ကြောင့်လည်း လွန်ခဲ့သော နှစ်နှစ်ထောင်က ရက်စက်ကြမ်းကြုတ်စွာ အသုံးပြု ခဲ့ကြသည့် လုပ်ကြံသတ်ဖြတ်ခြင်းနည်းသည် ယနေ့ခေတ်အထိ တည်ရှိရှင်သန်နေခြင်းဖြစ်၏။ အမှန်တော့ ဤနည်းသည် ရွံ့ရှာစက်ဆုတ်ဖွယ် ကောင်းလောက်အောင် ဆိုးဝါးသောနည်း ဖြစ်သည်။ စိတ်နေစိတ်ထား ယုတ်ညံ့ခြင်းနှင့် အောက်တန်းကျခြင်း စသည်များကို ဖော်ပြ သော နည်းဖြစ်သည်။ လူ့သမိုင်း၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်းများ ကို အဟန့်အတားဖြစ်စေသော သို့မဟုတ် ပျက်ပြားစေသော နည်းဖြစ်သည်။

ယနေ့ခေတ်တွင် အသိဉာဏ် တိုးတက်မြင့်မားလာသော လူ့အဖွဲ့အစည်းတိုင်း၌ ထိုနည်းကို စက်ဆုပ်ရွံရှာသူ အရေအတွက်သည် တစ်နေ့တခြား တိုးတက်များပြားလာနေပြီဟု ယူဆကြသည်။ သို့သော်လည်း ထိုအယူအဆသည် အခိုင်အမာ ရပ်တည်နေပြီဟူ၍ကား ယုံကြည်၍ မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော် . . . ။

■

[၁] Denis Affre, Archbishop of Paris


mgyoe.com

mgyoe.com

# လုပ်ကြံမှုကြီးများ

mgyoe.com

mgyoe.com



ဘီစီ ၄၄ ၌ နိုင်ငံရေးဆန့်ကျင်သူများကဓားဖြင့်ထိုး၍လုပ်ကြံခံခဲ့ရသော
ဂျူးလီးယက်ဆီဇာ၏အဖြစ်မှာ နာမည်ကျော်ပုဂ္ဂိုလ်များအား
လုပ်ကြံမှုသမိုင်း၏ ထပမဆုံးဖြစ်သည်

mgyoe.com

mgyoe.com

# ဂျူးလီးယက်ဆီဇာ

(၁၀၂–၄၄ ဘီစီ)

*'ဘာကြောင့်လဲ သိလား၊*

*သူက ဟော့ဒီ ကမ္ဘာကျဉ်းကျဉ်းကလေးထဲမှာ*

***အဆမတန်ကြီးမားတဲ့ ရုပ်တုကြီးတစ်ခု ခွပြီးရပ်သလို ရပ်နေလို့'***

ထိုစကားမှာ ကမ္ဘာကျော် ပြဇာတ်ဆရာကြီး **'ဝီလျံရှိတ်စပီးယား[၁]'** ၏ စကားဖြစ်သည်။ သူရေးသားခဲ့သည့် **'ဂျူးလီးယက်ဆီဇာ[၂]'** ပြဇာတ်ထဲမှ ဇာတ်ကောင်တစ်ဦးဖြစ်သော **'ကက်ဆီးယပ်စ်[၃]'** က ဂျူးလီးယက်ဆီဇာနှင့် ပတ်သက်၍ သူမြင်နေသောအမြင်ကို သူ့လူ **'ဘရုတပ်[၄]'** အား ပြောပြလိုက်သောစကားဖြစ်၏။ အမှန်အားဖြင့်လည်း ကက်ဆီးယပ်စ်၏စကားသည် မှန်သလိုလိုရှိသည်။ ဂျူးလီးယက်ဆီဇာသည် ကမ္ဘာကို ခွ၍ရပ်နေသည်မှာ အမှန်ပင်ဖြစ်လေသည်။

ဂျူးလီးယက်ဆီဇာသည် ရောမ၏ တန်ခိုးအာဏာစက်ကို မြောက်ဘက်တစ်လွှားသို့ တိုးချဲ့ပျံ့နှံ့ရန် အားထုတ်လျက်ရှိသော ရောမဗိုလ်ချုပ်တစ်ဦး ဖြစ်၏။ သူသည် ရောမအင်ပါယာတစ်ခုကို တည်ထောင်နိုင်မည့် အလားအလာရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော်လည်း သူသည် အာဏာရှင်ဘဝသို့ ကူးပြောင်းရောက်ရှိသွားမည့် အလားအလာရှိနေသဖြင့် သူ့လုပ်ဖော်ကိုင်ဘက်များက မနှစ်သက်။

မည်သို့ပင်ဖြစ်စေ သူ၏အောင်မြင်မှုများသည် ဩဇာအရှိန်အဝါ ကြီးမားလှ၏။ အထူးသဖြင့် သူ၏ဆောင်ရွက်မှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများသည် ဥရောပယဉ်ကျေးမှုကို

---

၁။ William Shakespeare
၂။ Julius Caesar
၃။ Cassius
၄။ Brutus

mgyoe.com

mgyoe.com

နည်းအမျိုးမျိုးဖြင့် ပံ့ပိုးကူညီခဲ့သည်။ ပံ့သွင်းပေးခဲ့သည်။ သို့ဖြစ်သည့်အားလျော်စွာ ဂျူးလီးယက်ဆီဇာ၏ ဩဇာရှိပ်နှင့် မကင်းခဲ့သော ထိုယဉ်ကျေးမှုသည် ကာလရှည်ကြာစွာ တည်တံ့ခိုင်မြဲသွားလိမ့်မည်ဟုလည်း ထိုစဉ်အခါက ယူဆခဲ့ကြလေသည်။

## နတ်ဘုရားလား

ဂျူးလီးယက်ဆီဇာသည် ကြီးမြင့်သော မျိုးနွယ်ဝင်မိသားစုမှ မွေးဖွားလာသူဖြစ်သည်ဟု ဆိုကြသည်။ နောက်ပိုင်း သူ တန်ခိုးအာဏာကြီးမားလာချိန်တွင် သူနှင့်ပတ်သက်သည့် ဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းများသည် ပေါက်ပွားလာခဲ့သည်။ သူသည် ဗီးနပ်နှင့် အေးနီးယားစ် နတ်ဘုရားများမှ ဆင်းသက်လာသူဖြစ်သည်ဟူသော စိတ်ကူးယဉ်မှုများသည်လည်း တည်ရှိလာခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ယင်းအယူအဆများသည် သူ့အား မာန်တက်စေခဲ့သည်။ အထူးသဖြင့် အောင်မြင်မှုအများအပြား ရရှိလာခဲ့သည့် နောက်ပိုင်းကာလတွင် သူသည် ထိုစိတ်ကူးယဉ်မှုများအပေါ် များစွာ သာယာယစ်မူးခဲ့သည်။ သူ၏တန်ခိုးအာဏာများသည် သာမန်လူသားတစ်ဦး၌ ရှိနေသည့် အာဏာမျိုး မဟုတ်။ နတ်ဘုရားတစ်ပါး၌ ရှိနေသည့် အာဏာမျိုးသာဖြစ်သည်ဟုပင် သူ့ကိုယ်သူ တွေးထင်လာခဲ့လေသည်။

ဂျူးလီးယက်ဆီဇာသည် လူငယ်တစ်ယောက်အနေဖြင့် ထိုခေတ်က ထင်ရှားကျော်ကြားခဲ့သော ပါတီတစ်ခုတွင် စွဲစွဲမြဲမြဲ ပါဝင်လှုပ်ရှားခဲ့သည်။ ထိုပါတီမှာ သူ့အဒေါ်ယောက်ျား ဗိုလ်ချုပ်ကြီး 'ဂေယီးယပ်စ် မာရီးယပ်စ်[၁]' ခေါင်းဆောင်သော ပါတီဖြစ်၏။ ထိုပါတီအာဏာရလာသည့်အခါ ဂျူးလီးယက်ဆီဇာအား ရောမလူမျိုးတို့၏ အကြီးအကဲဖြစ်သော ဂျူပီတာနတ်ဘုရားအဆင့် ဘုန်းတော်ကြီးရာထူး၌ ခန့်အပ်ခြင်းခံခဲ့ရလေ၏။

## အောင်မြင်မှု

သူ၏အောင်မြင်မှုမှာ အချိန်ကာလအားဖြင့် မရှည်ကြာခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် သူ့အဒေါ်ယောက်ျား မာရီးယပ်စ် အသေစော၍ ဖြစ်သည်။ မာရီးယပ်စ်သည် ခုနစ်ကြိမ်မြောက် အရွေးခံခဲ့ရပြီးနောက်တွင် ကွယ်လွန်ခဲ့ရခြင်း ဖြစ်၏။ သူ မရှိတော့သည့်နောက်ပိုင်းတွင် သူ့နောက်လိုက်အားလုံး ရောမမှ ထွက်ခွာခဲ့ကြရသည်။ ရာထူးများကိုလည်း စွန့်လွှတ်ခဲ့ကြရ၍ ဥစ္စာပစ္စည်းများကိုပါ လက်လွှတ်ဆုံးရှုံးခဲ့ကြရလေသည်။

ဤအတောအတွင်းတွင် ယခင်က အတိုက်အခံပါတီကို ခေါင်းဆောင်ခဲ့သော 'ဆူလာ[၂]' သည် အောင်ပွဲရကာ ရောမသို့ ပြန်ရောက်လာသည်။ သူ့အနေဖြင့် ဆီဇာအား

---

၁။ Gaius Marius, the great general
၂။ Sulla

mgyoe.com

mgyoe.com

လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုသော်လည်း ဆီဇာ၏ဇနီးသည်မှာ သူမုန်းတီးသော ဒီမိုကရက်တစ်ပါတီနှင့် အဆက်အစပ်ရှိနေသဖြင့် ဆုံးဖြတ်ရခက်နေသည်။ နောက်ဆုံးတွင် ဆူလာက ဆီဇာအား သူ့ဇနီးကို ကွာရှင်းရန် အဆိုပြုလာသည်။

ဆူလာ၏အဆိုပြုချက်ကို ဆီဇာက လက်မခံဘဲ ငြင်းဆန်ခဲ့၏။ ယင်းငြင်းဆန်မှုသည် ဆီဇာအား အန္တရာယ်စက်ကွင်းထဲသို့ တွန်းပို့လိုက်သလို ဖြစ်သွားခဲ့၏။ ရောမသည် ဆီဇာအတွက် လုံခြုံသောနေရာတစ်ခု မဟုတ်တော့ချေ။ ထို့ကြောင့်လည်း သူသည် စစ်တပ်ကြီးတစ်တပ်နှင့်အတူ အရှေ့ဘက်ဒေသသို့ လိုက်ပါသွားခဲ့သည်။

ဆီဇာ့အဖို့ ဤခရီးသည် စစ်ရေးစစ်ရာ ပညာကို ရရှိစေခဲ့သော ခရီးဖြစ်၏။ သူသည် စစ်တိုက်ခိုက်ခြင်းနှင့် ပတ်သက်သည့် အတွေ့အကြုံနှင့် ဗဟုသုတများကို အမြောက်အမြား ရရှိခဲ့သည်။ ဤသို့ဖြင့် သူသည် ဂေါလ်စစ်ပွဲ၌ ကြီးမားသောအောင်မြင်မှုကို ရရှိခဲ့သည်။ ယင်းအောင်မြင်မှုကို အကြောင်းပြု၍ သူ့နာမည်သည် တစ်ရှိန်ထိုး ကျော်ကြားလာခဲ့သည်။

နိုင်ငံရေးလောကသည် ဆီဇာ့အတွက် နောက်တစ်ကြိမ် ခြေချရန် အကောင်းဆုံးသော နေရာ ပြန်ဖြစ်လာသည်။ ဤတွင် အလားအလာကောင်းကို မြင်သော ဆီဇာသည် ချက်ချင်းပင် ရောမသို့ပြန်လာပြီး ဥပဒေပညာကို သင်ကြားသည်။ ဥပဒေပညာသည် သူ့အား ရောမနိုင်ငံတော်တွင် အဆင့်မြင့်ရာထူးတစ်ခုကို ရစေလိမ့်မည်ဟု သူ ယုံကြည်နေသည် မဟုတ်ပါလား။

## ဘဝမေ့ခြင်း

ဆီဇာသည် ရုတ်ဒ်ကျွန်းသို့သွားကာ နာမည်ကြီး 'အက်ပိုလိုနီယပ်စ်မိုလွန်' ထံ၌ ဟောပြောခြင်းအတတ်ပညာကို သင်ယူသည်။ ထိုကာလအတွင်း သူသည် စစ်သားဘဝက ကိုယ်စိတ်နှစ်ပါး မသက်သာမှုများကို လုံးဝသတိမရတော့ဘဲ စိတ်သာယာမှုနောက်သို့ တကောက်ကောက် လိုက်ပါသွားခဲ့သည်။ စည်းစိမ်ခံစားမှုများကိုလည်း အထိန်းအကွပ်မရှိ လိုက်စားလာခဲ့သည်။ ဤသို့ဖြင့် သူသည် ငွေကြေးကို စည်းကမ်းမဲ့ ဖြုန်းတီးလာသည်။

သူသည် လောင်းကစားမှုများကို အတိုင်းအဆမရှိ ပြုသည်။ အပျော်အပါးဟူသမျှကို စည်းလွတ်ဝါးလွတ် လိုက်စားသည်။ သူ့ကိုယ်သူ လူဂုဏ်ထံတစ်ယောက်သဖွယ် သဘောထားကာ စားသောက်ပွဲကြီးများကို တခမ်းတနား အကုန်အကျခံ၍ ပြုလုပ်သည်။ နောက်ဆုံးတွင် သူသည် ကြွေးပတ်လည်ဝိုင်းနေသော လူတစ်ယောက် ဖြစ်လာခဲ့ရလေ၏။

သူ့ကြွေးရှင်များမှာ အများအပြားဖြစ်၍ စုစုပေါင်း အကြွေးတွေ ငွေပေါင်း ၂၀,၀၀၀ အထိ ရှိသည်ဟု စွပ်စွဲခဲ့ကြ၏။ ထိုအတောအတွင်း သူသည် စပိန်ဘုရင်ခံရာထူးကို ရရှိခဲ့သည်။ သို့သော်လည်း ကြွေးရှင်များက သူတို့အကြွေး အပြေမရမချင်း ပြင်ပသို့ ထွက်ခွာသွားခွင့် မပြုသဖြင့် ဆီဇာသည် အကျဉ်းအကျပ်ထဲ ကျရောက်လျက်ရှိလေသည်။

သို့သော်လည်း ဆီဇာ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ရောမ၏ အချမ်း

mgyoe.com

mgyoe.com

သာဆုံးပုဂ္ဂိုလ်ဖြစ်သော 'ကရာဆပ်[၁]' က ဆီဇာ၏အကြွေးများကို ဆပ်ပေးသည်။ ဆီဇာက လည်း သူ၏ အခြေအနေ ပြေလည်သွားသည့်အခါ အကြွေးပြန်လည်ပေးဆပ်ပါမည်ဟု ကတိပေးခဲ့ရ၏။

ထို့နောက်ပိုင်းတွင် ဆီဇာသည် မသင့်မတင့်ဖြစ်နေသော လူချမ်းသာကရာဆပ်နှင့် စစ်ခေါင်းဆောင် 'ပွပ်ပေ[၂]' တို့အား ပြန်လည်သင့်မြတ်သွားအောင် ရင်ကြားစေ့ပေးခဲ့သည်။ ပွပ်ပေမှာ အလွန်ကျွမ်းကျင်လိမ္မာသည့် စစ်ခေါင်းဆောင်တစ်ယောက်အဖြစ် ရောမနိုင်ငံတော်တွင် ထင်ရှားနေသူဖြစ်၏။ ဤသို့ဖြင့် သူတို့သုံးဦးသည် 'သည်ဖတ်စ် ထရိုယမ်ဗီရိတ် ပထမဆုံး သုံးဦးအဖွဲ့[၃]' ကို ဘီစီ ၆၀၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြလေသည်။

## ပြဿနာသစ်များ

ထိုအချိန်မှာပင် ဥရောပမြောက်ပိုင်းဒေသဘက်မှ အရေးအခင်းများသည် တိုးတက်များပြားကာ ရှုပ်ထွေးလာသည်။ ဂျာမန်လူမျိုးစုများသည် ရိုင်းမြစ်၏လက်ဝဲဘက်ကမ်းပေါ်၌ အခြေစိုက်နိုင်ကြပြီဖြစ်ရာ သူတို့၏ ရန်သည် ရောမကို ထိပါးလာစရာ အခြေအနေသို့ ရောက်ရှိလာသည်။ အတိတ်က ဖြစ်ခဲ့ဖူးသည့် အစဉ်အလာများအရ ရောမသည် မိမိနိုင်ငံလုံခြုံရေးအတွက် စိန်ခေါ်လာသည့် ရန်သူများအား အရှေ့ဘက်နှင့် မြေထဲပင်လယ်ဒေသဆီသို့ မောင်းထုတ်ရစမြဲဖြစ်၏။ သို့သော်လည်း ယခုတစ်ကြိမ်တွင်မူ ဆီဇာသည် ရန်သူများအား မြောက်ဘက်နှင့် အနောက်ဘက်ဆီသို့ မောင်းထုတ်လိုသော ဆန္ဒရှိခဲ့လေသည်။

ထိုအချိန်မှာပင် ဥရောပသည် လူမျိုးစုများနှင့် အမျိုးသားနိုင်ငံများ အခြေချရာနေရာ ဖြစ်လာသည်။ ဆီဇာအနေဖြင့် ရောမလုံခြုံရေးအတွက် အဓိကပြဿနာများနှင့် ထိပ်တိုက်ရင်ဆိုင်လာခဲ့ရ၏။ သူသည် မြောက်ဘက်တစ်လွှား၌ အောင်မြင်မှုရနေသော ဂျာမန်လူမျိုးများနှင့်သာမက ဂျာမန်များက (ယနေ့ခေတ် ဆွစ်ဇာလန်နိုင်ငံအတွင်းမှ) မောင်းထုတ်လိုက်သဖြင့် ဘီစီ ၁၂၁ ခုနှစ်တွင် ရောမပိုင် နယ်မြေတွင်းသို့ ဝင်ရောက်လာကြသော 'ဟယ်လ်ဗက်တီလူမျိုးများ[၄]' နှင့်ပါ ထိပ်တိုက်ဖြစ်ရတော့မည့် အနေအထားသို့ ရောက်နေသည်။

ဆီဇာသည် စစ်ရေးစစ်ရာကိစ္စရပ်များတွင် လိမ္မာပါးနပ်သူ ဖြစ်သည့်အားလျော်စွာ ရောမသို့ ချီတက်လာသူများအား ပြန်လည်၍ မောင်းထုတ်နိုင်ခဲ့သည်။ ထို့ပြင်လည်း တိုက်ရင်းခိုက်ရင်းနှင့်ပင် တပ်သစ်များကို ဖွဲ့စည်း၍ ရန်သူများအား တုံ့ပြန်တိုက်ခိုက်ခဲ့ရာ နောက်ဆုံးတွင် ဟယ်လ်ဗက်တီလူမျိုးများအား အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့လေသည်။

---

၁။ Crassus
၂။ Pompey
၃။ The First Triumvirate
၄။ The Helvetii

mgyoe.com

## ဒုတိယအကြိမ် အောင်မြင်ခြင်း

ဤအောင်မြင်မှုကို အကြောင်းပြု၍ ဆီဇာအား ဂါလစ်ဒေသမှ အကြီးအကဲများက သူတို့ကို ဂျာမန်ဘုရင် 'အေရီယိုဗစ္စတပ်စ်[၁]' ၏ ဘေးရန်မှ ကာကွယ်ပေးရန် တောင်းခံခဲ့ကြ၏။ ဆီဇာကလည်း ဤအရေးအခင်းများတွင် ထိထိရောက်ရောက် ပါဝင်ကူညီခြင်း ပြုခဲ့သည်။ နောက်ပိုင်း ဘီစီ ၅၇ ခုနှစ်တွင် မြောက်ပိုင်း ဂေါလ်နယ်မြေမှ ပုန်ကန်မှုများကို ဆီဇာသည် အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သည်။

ဆီဇာ၏ အောင်မြင်မှုများသည် ရောမအင်ပါယာ၏ ဂုဏ်သိက္ခာကိုသာမက ဆီဇာ၏ ဂုဏ်သိက္ခာကိုပါ တိုးတက်မြင့်မားလာစေခဲ့သည်။ သို့တစေလည်း သူသည် စစ်ပွဲများ၌ အနိုင်ရရှိသူ သို့မဟုတ် အောင်နိုင်သူတစ်ဦး ဖြစ်လာရုံမျှဖြင့် ကျေနပ်ရောင့်ရဲခြင်း မရှိပေ။ သူသည် သူ့ကိုယ်သူ အုပ်ချုပ်သူတစ်ဦးအဖြစ်ဖြင့်လည်း အောင်မြင်မှု သရဖူဆောင်းလိမ့်မည်ဟု ထင်မြင်လျက်ရှိလေသည်။

သူသည် အနိုင်ရရှိထားသော လူမျိုးများအား အစိုးရဖွဲ့စည်းပုံစနစ်ကို ချပေးသည်။ သင့်လျော်သည့် လူ့အခွင့်အရေးများကိုလည်း ပေးသည်။ ဤသို့ဖြင့် သူသည် ဥရောပ၏ ဒေသအများစုတွင် ရောမလူမျိုးတို့၏ အစဉ်အလာများနှင့် ရိုးရာဓလေ့ထုံးစံများကို အခိုင်အမာ ဖြစ်အောင် ချမှတ်ပေးသည်။ ထို့ကြောင့်လည်း သူသည် သူ့ကိုယ်သူ အောင်မြင်သော အုပ်ချုပ်သူတစ်ဦး ဖြစ်လာလိမ့်မည်ဟု ယုံကြည်နေခြင်းပေတည်း။

ရိုင်းမြစ်၏ ကမ်းပါးနှစ်ဘက်ပေါ်၌ အခြေချနေကြသော ဂျာမန်လူမျိုးစုများသည်လည်းကောင်း၊ ဂေါလ်နယ်မြေတွင်းမှ လူမျိုးများသည်လည်းကောင်း ဆီဇာ၏ အုပ်ချုပ်မှုကို မကြာခဏ တော်လှန်ပုန်ကန်ကြသည်။ ဆီဇာသည် ယင်းပုန်ကန်မှုများကို နှိမ်နင်းအောင်မြင်သည်က များ၏။ နောက်ဆုံး ဘီစီ ၅၂ ခုနှစ်တွင် ဂေါလ်ခေါင်းဆောင် 'ဗာဆင်ဂက်တိုရစ်' ၏ တော်လှန်ပုန်ကန်မှုနှင့် ရင်ဆိုင်ရသည်။ ဆီဇာသည် ဂျာဂိုဗီးယားဒေသ၌ ဂေါလ်တပ်များနှင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ရသည်။ သူ့ဘက်မှ အကျအဆုံး များခဲ့သော်လည်း နောက်ဆုံးတွင် ဂေါလ်စစ်တပ်အား ချေမှုန်းပစ်နိုင်ခဲ့လေသည်။

## ရန်လိုမှုများ

ထိုအချိန်မှစ၍ ဆီဇာသည် ဂေါလ်ဒေသအား ရောမအင်ပါယာ၏ လက်အောက်ခံ ပြည်နယ်တစ်နယ်အဖြစ် သတ်မှတ်လိုက်သည်။ နှစ်စဉ် လက်ဆောင်ပဏ္ဏာဆက်ရန်လည်း အမိန့်ထုတ်လိုက်၏။ သူ့အနေဖြင့် လက်အောက်ခံနိုင်ငံအပေါ်၌ လတ်တလော အခြေအနေအရ ယင်းကဲ့သို့ လုပ်ထားခဲ့သော်လည်း ရေရှည်တွင်ကား ရောမတို့၏ ထုံးစံအတိုင်း ချောချောမောမောနှင့် ဆက်ဆံအုပ်ချုပ်သွားရန် စီစဉ်ထားသည်။ ထိုမှတစ်ဆင့် မဟာမိတ်အဖြစ်သို့

---

၁။ Ariovistus

mgyoe.com

mgyoe.com

တိုးမြှင့်ဆက်ဆက်သွားမည်ဟုလည်း ဆုံးဖြတ်ထားလေသည်။

ဂေါလ်တို့အား အောင်နိုင်ပြီး ပြန်လာခဲ့သော ဆီဇာသည် ရောမသို့ ပြန်ရောက်သည့်အခါ ရန်လိုမှုများနှင့် ရင်ဆိုင်ခဲ့ရလေသည်။ ထိုခေတ်အခါက ရောမတွင် နေရာအနှံ့အပြားနှင့် လူတန်းစားအသီးသီး၌ အကျင့်ပျက်ပြားမှုများ လွှမ်းမိုးလျက်ရှိသည်ဖြစ်ရာ သူ့အနေဖြင့် လာဘ်အဆမတန် ပေးမည်ဆိုပါက ထောက်ခံမှုများကို အသင့်အတင့် ရနိုင်ဖွယ်ရှိ၏။ သို့တစေလည်း သူ့ရန်သူများသည် အရေအတွက် များပြားနေရုံမျှမက သူ့အား ဆန့်ကျင်ရာ၌လည်း များစွာတက်ကြွနေကြလေသည်။

ဆီဇာ့အဖို့ အခြေအနေကောင်းသည်ဟု မဆိုသာချေ။ ဘီစီ ၅၆ ခုနှစ်တွင် သူအားကိုးပြုထားသည့် 'ပထမဆုံး သုံးဦးအဖွဲ့' မှာလည်း ဝါးအစည်းပြေသလို ဖြစ်နေသည်။ နောက်သုံးနှစ်အကြာတွင် အဖွဲ့ဝင်ခေါင်းဆောင်တစ်ဦးဖြစ်သော 'ကရာဆပ်စ်' သည် ဆီးရီးယားနိုင်ငံ တိုက်ပွဲ၌ ကျဆုံးသွားခဲ့သည်။ ကျန်ရစ်ခဲ့သော 'ပွမ်ပေ' နှင့် 'ဆီဇာ' တို့အဖို့ တစ်ပြိုင်တည်း နေနှစ်စင်း မထွက်နိုင်သည့်အဖြစ်နှင့် ရင်ဆိုင်နေကြရ၏။

## ရမက်၏ ကျေးကျွန်

သူတို့နှစ်ဦး၏ ပဋိပက္ခသည် တဖြည်းဖြည်းနှင့် ကြီးမားပြင်းထန်လာခဲ့သည်။ ပွမ်ပေက ဆီးနိတ်အဖွဲ့နှင့် ပူးပေါင်းသည်။ ဆီးနိတ်ကလည်း ဆီဇာအား သူ့လက်အောက်ခံတပ်များကို ဖျက်သိမ်းပေးရန် အမိန့်ပေးသည်။ ဆီဇာကလည်း တပ်များကို မဖျက်သိမ်းဘဲ စစ်ထွက်ရန် ပြင်သည်။ ဤသို့ဖြင့် အခြေအနေမလှသည့် အဖြစ်ကို ရိပ်စားနားလည်နေသော ပွမ်ပေသည် ရောမမှ ထွက်ပြေးသွားသည်။ ပွမ်ပေသည် သူ့စစ်တပ်များရှိရာ စပိန်နိုင်ငံဘက်သို့ ထွက်ပြေးခြင်းဖြစ်ရာ ဆီဇာက လိုက်လံတိုက်ခိုက်သည်။

ပထမတွင် ဆီဇာသည် 'ဗိုလ်ချုပ်တစ်ဦးမှ မရှိသော စစ်တပ်တစ်တပ်' နှင့် တိုက်ခိုက်ခဲ့ရ၍ နောက်ပိုင်းတွင် 'စစ်တပ်တစ်တပ်မှ မရှိသော ဗိုလ်ချုပ်တစ်ယောက်' နှင့် တိုက်ခိုက်ရခြင်း ဖြစ်သည်။ ဘီစီ ၄၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော 'ဖာသာလပ်စ်စစ်ပွဲ' ၌ ဆီဇာသည် အပြတ်အသတ် အနိုင်ရရှိခဲ့လေရာ ရှုံးနိမ့်သွားသော ပွမ်ပေသည် အီဂျစ်နိုင်ငံသို့ ထွက်ပြေးသည်။ ပွမ်ပေသည် ထိုနိုင်ငံမှာပင် အသတ်ခံခဲ့ရလေ၏။

ပွမ်ပေထွက်ပြေးသည့် နောက်သို့ လိုက်လာခဲ့သော ဆီဇာသည် အီဂျစ်နိုင်ငံသို့ ရောက်သည့်အခါ 'အီဂျစ်ဘုရင် မာယာရှင်' နှင့် ဆုံမိသည်။ မာယာရှင်မှာ 'ကလီယိုပါထရာ' ဖြစ်၏။ ဆီဇာသည် ချက်ချင်းပင် 'ရမက်၏ကျေးကျွန်' ဖြစ်သွားသည်။ သူသည် ကလီယိုပါထရာဘုရင်မ၏ 'ချစ်သုံ့ပန်း' အဖြစ်ဖြင့် အီဂျစ်နိုင်ငံတွင် လပေါင်းများစွာ နေထိုင်ခဲ့သည်ဖြစ်ရာ သူ့အတွက် ကလီယိုပါထရာက သားတစ်ယောက်ပင် မွေးဖွားပေးခဲ့သည်ဟု ဆိုစမှတ် ရှိခဲ့သည်။

ထိုအချိန်တွင် ရောမမှ ဆီဇာ၏ ပြိုင်ဘက်များသည် ကိုယ်ပိုင်တပ်များ စုဆောင်းခြင်း၊ အားဖြည့်ခြင်းစသည်များကို ပြုလုပ်လာကြသည်။ ဆီဇာသည် အိပ်မက်မက်နေရာမှ
mgyoe.com

လန့်နိုးလာသူ တစ်ဦးလို ဖြစ်လာသည်။ သူ့အခြေအနေကို ရိပ်စားနားလည်လာသော ဆီဇာ သည် ရောမသို့ ပြန်လာခဲ့လေသည်။

## 'မင်းလည်းပါသကိုး'

ဤတစ်ခေါက် ပြန်အရောက်တွင် ဆီဇာ၏ အခြေအနေသည် ယခင်ကထက်ပို၍ ခိုင်မာတောင့်တင်းလာသည်။ ဆယ်နှစ်တာကာလမျှ ရောမ၏ အာဏာရှင်အဖြစ် ရပ်တည်လာ နိုင်ခဲ့သည်။ သူ၏ ကြီးမြင့်လိုသောစိတ်နှင့် သူ၏ ရည်မှန်းချက်များသည် သူ့အား သာယာ ယစ်မူးနေအောင် ဖန်တီးပေးလျက် ရှိ၏။ သူ ရောမနိုင်ငံတော်အား သက်ဦးဆံပိုင် ဧကရာဇ် ဘုရင်တစ်ပါးသဖွယ် ရွှေပလ္လင်ထက်၌ ထိုင်၍ အုပ်ချုပ်လျက်ရှိ၏။ သို့သော်လည်း ရောမနိုင်ငံ တော်သည် အများ၏ လိုအင်ဆန္ဒ 'သမ္မတနိုင်ငံတစ်နိုင်ငံ' အဖြစ်နှင့်ပင် ရပ်တည်လျက်ရှိ သည်။

ယင်းအချက်သည် ဆီဇာ့အပေါ်၌ မလိုလားသူများအတွက် အကွက်ကောင်းတစ်ခု ဖြစ်လာသည်။ အထူးသဖြင့် အာဏာရှင်စနစ်ကို မလိုလားသူများသည် ဆီဇာ့အပေါ်၌ မကျေ နပ်ကြချေ။ သူတို့အနေဖြင့် အာဏာရှင်ဆီဇာအား သုတ်သင်ဖယ်ရှားရန်မှတစ်ပါး အခြားနည်း လမ်းကို ရှာ၍မရကြချေ။ ယင်းအခြေအနေတွင် ဆီဇာသည် သူ့ကိုယ်သူ 'ရာသက်ပန် အာဏာရှင်' အဖြစ် ကြေငြာလိုက်သည်။

ယင်းကြေညာချက်သည် ဆီဇာအား အတိုက်အခံပြုနေသူများအတွက် အလွန်အ မင်း မနှစ်မြို့စရာ ဖြစ်လာခဲ့၏။ ဤတွင် ဆီဇာ၏မိတ်ဆွေ 'ဘရုးတပ်' ဦးဆောင်သော လူတစ်စုသည် ဆီဇာအား ဖယ်ရှားပစ်ရန် အခိုင်အမာ ဆုံးဖြတ်ခဲ့ကြသည်။ ဤကိစ္စတွင် 'ဘရုးတပ်' အား ဖျားယောင်းသွေးဆောင်ခဲ့သူမှာ 'ကက်ဆီးယပ်' ဖြစ်လေသည်။

ထိုနေ့သည် ကောင်းကင်ယံ၌ မိုးသားများ တက်နေသဖြင့် မှောင်မည်းနေသည်။ လျှပ်စီးတွေကလည်း တဝင်းဝင်း တလက်လက်။ မိုးခြိမ်းသံများကလည်း အဆက်မပြတ်။ ဆီးနိတ်လွှတ်တော်၏ အပြင်ဘက်တွင် လေသည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိ၏။ လေအော် ညည်းသံများသည် ကြောက်မက်ဖွယ် ကောင်းလှချေသည်။ ထို့နောက် ထိုရက် ထိုအချိန်မှာပင် ဆီဇာသည် ဆီးနိတ်လွှတ်တော်အတွင်းရှိ ပွမ်ပေရုပ်တုခြေရင်း၌ ဘရုးတပ်ဦးဆောင်သော လူတစ်စုက ဓားမြှောင်များဖြင့် ဝိုင်း၍ ထိုးသတ်ခြင်းကို ခံခဲ့ရလေ၏။

ဆီဇာအား လုပ်ကြံသတ်ဖြတ်သူများထဲတွင် အများစုမှာ ဆီဇာ၏ မိတ်ဆွေများ ဖြစ်သည်။ အထူးသဖြင့် သူလဲကျသွားချိန်တွင် သူ့နှုတ်မှ 'ဘရုးတပ်ရယ်၊ ဒီလူစုထဲမှာ မင်းလည်းပါသကိုး' ဟူသော စကားတစ်ခွန်း ထွက်လာခဲ့သည်ဟု ဆိုသည်။ ထိုစကားသည် အံ့သြခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း အပြည့်ပါနေသည့်စကား ဖြစ်သည်ဟုလည်း ပြောကြ သည်။ တကယ်တော့ လုပ်ကြံသူများအား ဦးဆောင်ခဲ့သူ ဘရုးတပ်သည် ဆီဇာ၏ အရင်းနှီး ဆုံးသော မိတ်ဆွေတစ်ဦး မဟုတ်ပါလား။

mgyoe.com

mgyoe.com


## သို့တစေလည်း

အမှန်တော့လည်း ဂျူးလီးယက်ဆီဇာသည် သူ၏အောင်မြင်မှုများအပေါ်တွင် သာယာယစ်မူးခဲ့သူ ဖြစ်သည်။ သူသည် ထိုခေတ် ထိုအခါက လူအများကထင်သလို သို့မဟုတ် အာဏာယစ်မူးနေသူက သူ့ကိုယ်သူ ထင်နေသလို နတ်ဘုရားလည်းမဟုတ်၊ ကောင်းကင်ဘုံမှ ကျလာသည့် ဘုရင်လည်း မဟုတ်၊ သာမန် သူလိုငါလို လူတစ်ယောက်မျှ သာဖြစ်ရာ သူ့အောင်မြင်မှုများအပေါ်၌ သာယာယစ်မူးပြီး အလွန်တန်ခိုးအာဏာကြီးလိုစိတ် ပြင်းထန်လာခဲ့သည်မှာ အဆန်းမဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ ဆီဇာသည် ရောမ၏ မျက်လုံးများကို မြေထဲပင်လယ်ဒေသ အပေါ် စူးစိုက်နေရာမှ ဥရောပမြောက်ပိုင်းဆီသို့ စိတ်ဝင်တစား လှမ်းမျှော်ကြည့်ရှုလာစေရန် အားထုတ်ခဲ့သူ ဖြစ်သည်။ ထိုဒေသအတွင်းမှ တစ်ဦးကိုတစ်ဦး စစ်ပြုနေကြသော အုပ်စုများ အား ရောမ၏ ဩဇာလွှမ်းမိုးမှု အဝန်းအဝိုင်းတွင်းသို့ ဆွဲသွင်းပေးခဲ့သူဖြစ်သည်။

အမှန်တော့ သူသည် သူ့အရိုက်အရာကို ဆက်ခံခဲ့သော သူ့တူ 'ဩဂတ်စတပ်' အား ကြီးမားကျယ်ဝန်းသော ရောမအင်ပါယာကြီး တည်ထောင်နိုင်ရန် လမ်းခင်းပေးခဲ့သူ ဖြစ်သည်။ ယင်းလုပ်ရပ်ကြောင့်လည်း သူ့အား ရောမသမိုင်း၏ မမေ့အပ်သော ပုဂ္ဂိုလ်တစ်ဦး အဖြစ် အသိအမှတ်ပြုခဲ့ကြရခြင်းပေတည်း။

■

mgyoe.com

mgyoe.com

# ရပ်စပြူတင်
(၁၈၇၁–၁၉၁၆)

သူသည် အလွန်သန်မာထွားကျိုင်းသူ ဖြစ်သည်။ ခန္ဓာကိုယ်ကြီးမားသလောက် ခွန်အားဗလ တောင့်တင်းကြီးမားသူ ဖြစ်သည်။ ဥပမိရုပ်သည် ထည်ဝါခန့်ငြားလှ၏။ မြင်လိုက်လျှင် သူ့အပေါ် ရိုသေခန့်ငြားလိုစိတ် ဖြစ်ကြရသည်။ အထူးသဖြင့် အမျိုးသမီးများသည် သူပြော သမျှကို ယုံကြည်သည်။ သူခိုင်းသမျှကို လုပ်ကြသည်။ သူ သင်ကြားသမျှကို သူ့နောက်လိုက် များအဖြစ်ဖြင့် နာယူကြသည်။

သူသည် လူမဟုတ်၊ ကာမဂုဏ်ကို အလွန်လိုက်စားသော ညို့ဓာတ်မျက်လုံးပိုင်ရှင် ဘုန်းကြီးတစ်ပါး ဖြစ်သည်။ သူနှင့် တွေ့တွေ့သမျှ လူအားလုံးသည် သူ့နောက်လိုက်များအဖြစ် သို့ ဆိုက်ရောက်ကြသည်။ ရုရှားဇာဘုရင်၊ မိဖုရားနှင့် နန်းတွင်းသူ နန်းတွင်းသား အားလုံး သည် သူ့ခြေရင်း၌ ဝပ်စင်းကာ သူ၏အလုပ်အကြွေး ကျေးကျွန်များ ဖြစ်ခဲ့ကြရလေသည်။

မချစ်မနှစ်သက်သူများက သူ့အား 'မကောင်းဆိုးဝါးကြီးတစ်ကောင်' ဟု သမုတ် ခဲ့ကြသည်။ ဤမကောင်းဆိုးဝါးကြီးသည် အသက်နှင့်ကိုယ် အိုးစားကွဲခါမှပင် သူ့ယုတ်မာ ဆိုးညစ်မှုများသည် ကွယ်ပျောက်ချုပ်ငြိမ်းသွားလိမ့်မည်ဟု နားလည်ထားကြသည်။ သို့သော် လည်း သူ့အား အသက်ထွက်အောင် သတ်ရမည့်ကိစ္စမှာ မယုံကြည်နိုင်လောက်အောင် ခက်ခဲသည့် အလုပ်တစ်ခု ဖြစ်ချေသည်။

## ဘာဝမှမဟုတ်သည့်လူ

ကမ္ဘာပေါ်တွင် ရုရှားနိုင်ငံသည်လည်း လုပ်ကြံမှု အများအပြားဖြစ်ပွားခဲ့သော နိုင်ငံတစ်နိုင်ငံပင် ဖြစ်သည်။ စစ်ဗိုလ်ချုပ်ကြီးများ၊ နိုင်ငံရေးသမားများ၊ ဘုရင့်မိသားစုနွယ်ဝင် များ စသည်ဖြင့် လူတန်းစားပေါင်းစုံမှ လူများသည် အကြောင်းအမျိုးမျိုးကြောင့် လုပ်ကြံခြင်း

mgyoe.com

mgyoe.com

ခံခဲ့ကြရသည်။ လုပ်ကြံခံရသူများထဲတွင် အချို့မှာ မကောင်းလွန်း၍ အလုပ်ကြံခံရခြင်းဖြစ်သော်လည်း အချို့မှာ ထူးထူးခြားခြား တော်လွန်းကောင်းလွန်း၍ မနာလို တိုရှည်ဖြစ်ကာ အလုပ်ကြံခံကြရခြင်းဖြစ်လေသည်။

အာဏာကို မက်မောတွယ်တာမှု၊ အာဏာကို အလွဲသုံးစားပြုမှု၊ ကြီးနိုင်ငယ်ညှဉ်းလုပ်မှု၊ နိမ့်ကျသူများအား မတရားဖိနှိပ်ချုပ်ခြယ်ပြီး ညှဉ်းပန်းနှိပ်စက်မှုစသည် စသည်တို့ဖြင့် ပြည့်လျှံကာ ပြဿနာပေါင်းစုံနှင့် ထွေးလုံးရစ်ပတ် ဖြစ်ခဲ့ရသော ရုရှားနိုင်ငံသမိုင်းတွင် အလွန်ထူးခြားပြီး အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် လုပ်ကြံမှုကြီးတစ်ခု ပေါ်ပေါက်ခဲ့ဖူးသည်။ အလုပ်ကြံခံရသူမှာ **'ဂရီဂိုရီ အီဖိမိုးဗစ်ချ် ရပ်စပြူတင်[၁]'** ဆိုသူ ဖြစ်၏။ သူသည် မှူးမတ်မျိုးနွယ်မှ ဆင်းသက်လာသူ မဟုတ်၊ အထက်တန်းစားအနွယ်မှ ဆင်းသက်လာသူလည်း မဟုတ်၊ စစ်ဗိုလ်ကြီးတစ်ယောက်လည်း မဟုတ်၊ ထူးခြားထင်ရှားသည့် နိုင်ငံရေးသမားလည်း မဟုတ်၊ နိုင်ငံကို အကျိုးပြုနေသော နိုင်ငံကချစ်သော ခေါင်းဆောင်လည်း မဟုတ်။ တကယ်တန်း ဆန်းစစ်ကြည့်လိုက်သည့်အခါ ရပ်စပြူတင်သည် သာမည လူတန်းစားတစ်ယောက်မျှသာ ဖြစ်၏။

ရပ်စပြူတင်ကို ၁၈၇၁ ခုနှစ်တွင် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားနယ်၌ မွေးဖွားသည်။ ငယ်စဉ်တောင်ကြေး ကလေးဘဝမှသည် အသက်သုံးဆယ်ရွယ်အထိ သူသည် ထိုနယ်အတွင်းမှာပင် အချိန်ကုန်ခဲ့သည်။ သူသည် ဘာပညာကိုမှ ဟုတ်ဟုတ်ညားညား မသင်ခဲ့ရ။ အသက်မွေးဝမ်းကျောင်းနိုင်မည့် အတတ်ပညာဟူ၍လည်း ဘာပညာမှ မတတ်။ သို့တစေလည်း သူ့ဇာတိ 'တိုင်ဟူမင်းမြို့[၂]' တွင်မူ သူသည် လူအများ၏ ပါးစပ်ဖျား၌ ပုံပြင်ဆန်ဆန် ပြောစမှတ်ပြုနေရသည့် လူတစ်ယောက် ဖြစ်နေသည်။

## ဘုန်းကြီးလား၊ ဘိုးတော်လား၊ ပျောက်စေဆရာလား

**သူသည်** ကလေးသုံးယောက်အဖေ အိမ်ထောင်သည်တစ်ဦး ဖြစ်သော်လည်း ဘာအလုပ်မှ မယ်မယ်ရရ မရှိ။ ခြေသလုံးအိမ်တိုင်ပြုကာ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာနေသူ ဖြစ်၏။ တချို့ကတော့ ဘုန်းကြီလား၊ ဘိုးတော်လား အပီအပြင် ခွဲခြား၍ မရ။

မည်သို့ပင်ဖြစ်စေ အများက သိနေကြသည်မှာ သူသည် အကြည့်ရဲသူဖြစ်သည်။ မျက်လုံးများတွင် တစ်ဖက်လူအား သူ့အပေါ် စိတ်ညွတ်လာအောင် စွမ်းဆောင်နိုင်သည့် ညို့ဓာတ်ရှိသည်။ ဒီထူးသဖြင့် အမျိုးသမီးများသည် သူ၏ ရဲတင်းသောအကြည့်ဒဏ်ကို မခံနိုင်ကြ။ သူ့အကြည့်ကြောင့် သူပြုသမျှ နုရသည့်အဖြစ်နှင့် ရင်ဆိုင်ကြရသည်။ အများကတော့ သူ့အား လိမ်လည်လှည့်ဖျား၍ ညာကြကစားတတ်သူဟုလည်းကောင်း၊ တဏှာရူး သို့

---

၁။ Gregori Efimovitch Rasputin
၂။ Tyumen

mgyoe.com



၁၉၆၁ ခုနှစ်ဝန်းကျင်၌ စိန့်ပီတာဘာဂ်မြို့၌ ရိုက်ယူခဲ့သော ရပ်စပြူတင်နှင့် သူ၏နောက်လိုက်အမျိုးသမီးတို့၏ ဓာတ်ပုံ



mgyoe.com

mgyoe.com

မဟုတ် ဈာဘူးဟုလည်းကောင်း သိထားကြလေသည်။

အစဉ်အမြဲ နေရေးနှင့် စားရေး မပြေလည်သော ရပ်စပြူတင်သည် နေစရာနှင့် စားစရာရှိသော ဘုန်းကြီးကျောင်းများ၌ တစ်ကျောင်းပြီးတစ်ကျောင်း ပြောင်း၍ လှည့်လည် နေထိုင်သည်။ ၁၉၀၅ ခုနှစ်ထဲတွင် သူသည် 'ကိဗ်မြို့[၁]' ရှိ စိန့်မိုက်ကယ်ဘုန်းကြီးကျောင်း၌ ရောက်နေသည်။ ဤအတွင်းမှာပင် ဘုရားဖူးဧည့်သည် အမျိုးသမီးနှစ်ဦး ကျောင်းသို့ရောက် လာသည်။

သူနှင့် တွေ့သည့်အခါ ဧည့်သည်များက ရပ်စပြူတင် လောလောဆယ်လုပ်နေ သည့် အလုပ်အကြောင်းကို မေးသည်။ ရပ်စပြူတင်ကလည်း နာမကျန်းဖြစ်နေသူများအား ဘုရားသခင်ထံ ဆုတောင်းပေးသောနည်းဖြင့် ဆေးဝါးကုသပေးသည်ဟု ပြောသည်။ ဘုရားဖူး များဖြစ်ကြသော မြို့စားကတော် **'အင်နာစတက်သီယာ[၂]'** နှင့် **'မစ်လက်ဇာ[၃]'** တို့က လည်း **'ဟေမိုဖီးလီးယား[၄]'** ခေါ် သွေးမတိတ်ရောဂါကိုရော ကုဖူးသလား၊ ကုပေးစဉ်က လူမမာတွင် ရောဂါပျောက်ဖူးသလား စသည်ဖြင့် မေးသည်။ ထိုအခါ ရပ်စပြူတင်က သူ ကုသပေးဖူးကြောင်းနှင့် ပျောက်လည်း ပျောက်ကင်းကြောင်း အခိုင်အမာပြောပြသည်။

## ဟေမိုဖီးလီးယားရောဂါ

ဤတွင် ရုရှားအမျိုးသမီးကြီး နှစ်ဦးသည် ရပ်စပြူတင်အပေါ်၌ များစွာယုံကြည် ကိုးစားသွားကြသည်။ သူတို့က သူတို့၏တူတော်သူ **'ဇာရာဗစ်ချ် အလက်ဆစ္စ[၅]'** ဆိုသူမှာ **'ဇာနီကိုလပ်ဘုရင်[၆]'** ၏ ပဌမမြောက်သားဖြစ်ကြောင်း၊ ထိုကလေးမှာ 'ဟေမိုဖီးလီးယား သွေးမတိတ်ရောဂါ' စွဲကပ်နေသဖြင့် များစွာ ဒုက္ခရောက်နေရကြောင်း ရှင်းပြကြသည်။ ထို့နောက် သူတို့နှင့်အတူ 'စိန့်ပီတာဘာတ်မြို့' သို့ လိုက်လာပြီး ကလေးကို ကြည့်ပေးပါဟု မေတ္တာရပ်ခံကြလေ၏။

စိန့်ပီတာဘာတ်မြို့တော်ရှိ 'ရိုဗင်နော့ဗ်နန်းတော်' သို့ ရပ်စပြူတင်ရောက်သွားသည့် အခါ နန်းတွင်းမှ ပုဂ္ဂိုလ်များသည် ဘာလုပ်၍ဘာကိုင်ရမှန်း မသိဖြစ်ကုန်သည်။ ရပ်စပြူတင်မှာ တစ်ကိုယ်လုံး ညစ်ပတ်ပေရေကာ နံစော်လျက်ရှိ၏။ ဝတ်ထားသည့် အဝတ်အစားများမှာလည်း အစုတ်စုတ်အပြတ်ပြတ်။ သူ့ဆံပင်နှင့် မုတ်ဆိတ်မွေးများသည် ချေးအထပ်ထပ်တက်ကာ ကပ်နေပြီး ဂျပ်ခဲ (ကျပ်ခဲ) ကြီး ဖြစ်လျက်ရှိသည်။ ပုံပန်းမှာ သပ်သပ်ယပ်ယပ်မရှိ၊ လက်သည်း ရှည်ကြီးများမှာလည်း ချေးများဝင်နေသဖြင့် မည်းနက်ကာ ရွံ့ရှာဖွယ်အတိဖြစ်နေသည်။

အပြုအမူ အပြောအဆိုနှင့် အနေအထိုင်ကလည်း ရိုင်းစိုင်းလှ၏။ ရန့်ရင်းကြမ်းတမ်း လှ၏။ သိမ်မွေ့ပြေပြစ်သော အမူအရာကို ဘယ်နေရာမှာမှ မတွေ့ရ။ ဤကြားထဲ အရုပ်ဆိုးပြီး

---

၁။ Kiev
၂။ Duchess Anastasia
၃။ Duchess Milatza
၄။ Haemophilia
၅။ Tzarevitch Alexis
၆။ Tzar Nicholas

mgype.com



*အစ်မေးလ်လိုဗ်စကီးတပ်ရင်းမှ ဗိုလ် ဗွန်လိုမန်း၊*
*မင်းသား ဖွတ်ရှုကင်းနှင့် ရပ်စပြူတင်*

ညစ်ပတ်လွန်းလှသည်ဖြစ်ရာ တွေ့မြင်ရသူများအတွက် ထူးခြားသော ဥပမိရုပ်ပိုင်ရှင်ဟု ပြောစမှတ်ပြုကြသည်။ အများစုကတော့ သူ့ရုပ်ရည်၊ သူ့အနေအထိုင်နှင့် ပြုမူပြောဆိုပုံများကို ကြည့်ကာ ညဏ်မမီနိုင်အောင် ဖြစ်နေကြလေသည်။

မည်သို့ပင်ဖြစ်စေ ဆေးဆရာအဖြစ် ရောက်လာသော ရပ်စပြူတင်အား လူနာ အလက်ဆစ္စထံသို့ တာဝန်ရှိသူများက ခေါ်သွားကြသည်။ ရပ်စပြူတင်သည် သူ့လူနာအား ဆေးမျိုးစုံ တိုက်သည်။ ထို့နောက် သူငယ်၏နဖူးပေါ် လက်တင်ကာ ဆုတောင်းခြင်းအမှုပြု သည်။ အံ့မခန်း ရှိလှချေသည်။ လူနာလူငယ်၏ အခြေအနေသည် ချက်ခြင်းပင် သက်သာ

mgyoe.com

လာသည်။ နေ့ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားသည်နှင့်အမျှ သူငယ်၏ရောဂါ အခြေအနေသည် တိုးတက်ကောင်းမွန်လာသည်။

## အရူးအမူး

လူနာ၏မိခင် ဇာရီနာ (မိဖုရားကြီး) သည် ဆေးဆရာဘုန်းကြီးအား အရူးအမူး ကျေးဇူးတင်လျက်ရှိသည်။ ထို့ပြင်လည်း သူမသည် ရပ်စပြူတင်၏ ညှို့ယူဖမ်းစားမှုစက်ကွင်း အတွင်းသို့ ကျရောက်လျက်ရှိလေရာ ရပ်စပြူတင်လုပ်သမျှ အရာရာတိုင်းသည် သူမ၏မျက်စိ ထဲတွင် အမှန်တွေချည်း ဖြစ်နေသည်။ ရပ်စပြူတင်၏ ဩဇာသည် သူမ၏အပေါ်၌ နက်နက် ရှိုင်းရှိုင်း လွှမ်းမိုးလျက်ရှိသည်ဖြစ်ရာ နောက်ဆယ်နှစ်တာ ကာလအတွင်း ရပ်စပြူတင်သည် ရုရှားနိုင်ငံအား အုပ်ချုပ်နေသည့် ဘုရင်တစ်ပါးသဖွယ် ဖြစ်လာရုံမျှမက သူအများ၏ ကြောက်ရွံ့ ခြင်းကိုပါ ခံနေရလေ၏။

ရပ်စပြူတင်သည် ခန္ဓာကိုယ်သာလျှင် ရုံ့ရာစဖွယ်ကောင်းလောက်အောင် ညစ်ပတ် သည်မဟုတ်၊ ကိုယ်ကျင့်တရားအနေဖြင့်လည်း စက်ဆုတ်စဖွယ်ကောင်းလောက်အောင် ပျက်ပြားဆိုးသွမ်းသူ ဖြစ်သည်။ သူသည် အရက်ကို အလွန်အကျွံသောက်သော ယစ်ထုပ်ကြီး တစ်ယောက် ဖြစ်ရုံမျှမက ကာမရာဂကိစ္စတွင်လည်း အော့နလုံးနာဖွယ်ကောင်းလောက်အောင် ပြင်းထန်ဆိုးသွမ်းသူ ဖြစ်လေသည်။

ရပ်စပြူတင်၏ အလိုအရ ဒုစရိုက်မှုသည် နောက်ဆုံးတွင် ဘဝလွတ်မြောက်ခြင်း ကို ဖြစ်စေနိုင်သည်။ သူ့သီအိုရီမှာ လူတစ်ယောက်သည် မိမိစိတ်ကို ဖြူစင်သန့်ရှင်းစေရန်အ တွက် မကောင်းမှုဒုစရိုက်ကို ကျူးလွန်ရမည်။ ကျူးလွန်သော ဒုစရိုက်မှုသည် ကြီးမားလေလေ အပြစ်မှ လွတ်ငြိမ်းခွင့်သည် ကြီးမားလေလေဖြစ်သည်ဟု သူက ဆိုသည်။

## သူ့တရား

ရပ်စပြူတင်အား ကြည်ညိုဆည်းကပ်သူများမှာ တစ်နေ့ထက်တစ်နေ့ အလွန်များ ပြားလာသည်။ သူ၏ နောက်လိုက်အများစုမှာ မိန်းမများဖြစ်၍ ထိုမိန်းမများမှာလည်း အထက် တန်းလွှာမှသာ ဖြစ်သည်။ သူသည် သူ့နောက်လိုက်မှန်သမျှအား အရက်ကို မူးရူးနေအောင် သောက်ရန်နှင့် ကာမရာဂကို လိုသည်ထက်ပို၍ လိုက်စားရန် စသည့် မသင့်မတော် မဖွယ်မရာ သည်များကို ဟောကြားညွှန်ပြသည်။

ထိုကိစ္စများတွင် စိတ်ကို အစွမ်းကုန်အလိုလိုက်ပြီး အားရကျေနပ်သည်ထက် ပို၍ အားရကျေနပ်အောင် အစွမ်းကုန်လိုက်စားရန် ရပ်စပြူတင်က အားပေးသည်။ တိုက်တွန်း သည်။ သူကိုယ်တိုင်လည်း သူဟောသည့်တရားအတိုင်း ပြုမူကျင့်ကြံသည်။ စံစားပြီး၍ အားရတင်းတိမ်သည့်အခါကျမှ သူတို့အားလုံးသည် ရပ်စပြူတင်၏ရှေ့မှောက်သို့ လာရောက် ကာ သူတို့၏အပြစ်များကို ထုတ်ဖော်ဝန်ခံကြရသည်။ ထိုအခါကျမှ ရပ်စပြူတင်က သူ့တပည့်

mgyoe.com

mgyoe.com

များအား ကျူးလွန်ထားခဲ့သမျှ ပြစ်မှုအားလုံးမှ လွတ်ငြိမ်းခွင့်ပေးသည်။ ထို့နောက် ယင်းမကောင်းမှု ဒုစရိုက်များကို နောက်တစ်ကြိမ် ထပ်မံကျူးလွန်ရန် ထပ်မံ၍ ခွင့်ပြုလေသည်။

## ဘိုးတော်လိုလို

ဆေးဆရာတစ်ယောက်အနေဖြင့် ရပ်စပြူတင်၏ ကျော်ကြားမှုသည် မယုံကြည်နိုင်လောက်အောင် ကြီးမားလှသဖြင့် ဒဏ္ဍာရီဆန်နေသည်။ သူ၏ လက်ဖြင့် ထိတွေ့မှုခံယူပြီး ကောင်းချီးပေးမှုကို ရယူလိုသော အထက်တန်းလွှာမှ အမျိုးသမီးအများအပြားသည် သူတောင်းစားများ၏ ဘေးမှ ရပ်ကာ နာရီပေါင်းများစွာ တန်းစီပြီး စောင့်ကြရသည်။

ရပ်စပြူတင်ကိုယ်တိုင်မှာလည်း အမူအကျင့်အားဖြင့် အလွန်ဆိုးသွမ်းယုတ်မာသူဖြစ်၏။ သူ့အား သီလရှင်တစ်ဦးကို မုဒိမ်းကျင့်သည်ဟု အစွပ်စွဲခံရသည်။ သူသည် စည်းမရှိကမ်းမရှိ ထင်တိုင်းသောင်းကျန်းသည့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ ပြည့်တန်ဆာအိမ်များသို့ နောက်လိုက်တပည့်များနှင့် သွားရောက်သောင်းကျန်းခြင်း၊ ပြည့်တန်ဆာများနှင့်တွဲ၍ စိန့်ပီတာဘတ်မြို့တော်၏ လမ်းမများပေါ်၌ ကိုယ်လုံးတီး ကခုန်မြူးတူးခြင်းနှင့် အပျော်မယားဆယ့်သုံးယောက်ကို တစ်အိမ်ထဲ အတူထား၍ နေထိုင်ခြင်းစသော အလွန်ဆိုးသွမ်းယုတ်မာသည့် အလုပ်များကို ပြုလုပ်ခဲ့လေသည်။

## မပြောရဲ မဆိုရဲ

ရုရှားနိုင်ငံ၏ လူ့အဖွဲ့အစည်းရှိ လူတန်းစားအလွှာအသီးသီးမှ လူများသည် ရပ်စပြူတင်၏ အပြုအမူ အကျင့်အကြံများနှင့် ဇာရီနာ (မိဖုရားကြီး) အပေါ်၌ သက်ရောက်လွှမ်းမိုးနေသည့် ဩဇာများအတွက် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ကြသည်။ သို့သော်လည်း လူထုသည် သူတို့သိသမျှ မြင်သမျှကို လူသိရှင်ကြား မပြောရဲ။

မိဖုရားကြီး၏အမြင်တွင် ရပ်စပြူတင်သည် ဘယ်တော့မှ အမှားလုပ်သည့် ပုဂ္ဂိုလ်မဟုတ်၊ အကယ်၍ ပြည်သူထဲမှ တစ်ဦးတစ်ယောက်က ရပ်စပြူတင်အား အမှားတစ်ခုခုကို ကျူးလွန်သည်ဟု ဝေဖန်ခဲ့ပါက ထိုဝေဖန်သူသည် အဖမ်းခံရမည် ဖြစ်ရုံမျှမက တရားရုံးမှ ဆိုက်ဘေးရီးယားသို့ ပို့လိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့် ရပ်စပြူတင်သည် မည်သူ့အဝေဖန်ကိုမှ မခံရဘဲ သူထင်သလို လွတ်လပ်စွာ ထင်ရာစိုင်းလျက်ရှိလေရာ နိုင်ငံတွင်း၌ မဖွယ်ရာသော ဖြစ်ရပ်အများသည် ဖြစ်ပေါ်လျက်ရှိလေသည်။

ရပ်စပြူတင်၏ဩဇာသည် နန်းတွင်း၌ အရှိန်မပျက် ကြီးထွားလာလျက်ရှိလေရာ နောက်ဆုံး၌ ဇာဘုရင်ကိုယ်တိုင် ထုတ်ပြန်ခဲ့သည့် အမိန့်များသည်ပင်လျှင် ရပ်စပြူတင်၏ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းတို့ကို ခံခဲ့ရသည်ဟု ဆိုသည်။ ဆေးဆရာတစ်ယောက်ဘဝဖြင့် ရပ်စပြူတင်၏ အောင်မြင်မှုသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြီးမားလှလေ သည်။

mgyoe.com

mgyoe.com

## လက်စားချေခြင်း

ရပ်စပြူတင်သည် ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားချိန်တွင် နန်းတော်မှ ထွက်ခွာခဲ့သည်။ သူ့သား 'ဒီမီထရီ' ကိုလည်း သူ့မွေးရပ် ဆိုက်ဘေးရီးယားသို့ ခေါ်သွားသည်။ သူ ဆိုက်ဘေးရီးယား၌ နေထိုင်စဉ်အတွင်း သူ့အား 'ဂူဆီးဗား' အမည်ရှိ အမျိုးသမီးတစ် ယောက်က ဓားနှင့်ထိုး၍ လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ကံအားလျော်စွာပင် ရပ်စပြူတင်သည် သေဘေးမှ လွတ်မြောက်သွားခဲ့သည်။

သူ့အား ဓားနှင့်ထိုးသည့် အမျိုးသမီးမှာလည်း တရားဥပဒေအရ မစစ်ဆေးဘဲ သတ်ဖြတ်ခြင်းခံရမည့်ဘေးမှ လွတ်မြောက်သွားခဲ့ပြီး ထောင်သွင်း အကျဉ်းချထားခြင်းကို ခံရသည်။ တာဝန်ရှိသူများက စစ်ဆေးမေးမြန်းသည့်အခါ ဂူဆီးဗားက ဘုန်းကြီး ရပ်စပြူတင်အား ဓားနှင့်ထိုးခဲ့ခြင်းမှာ သူဖျက်ဆီး၍ ဘဝပျက်သွားခဲ့ရသော ဆိုက်ဘေးရီးယန်းအမျိုးသမီးများအတွက် လက်စားချေခြင်းဖြစ်သည်ဟု ဖြောင့်ချက်ပေးခဲ့လေသည်။

ဓားဒဏ်ရာမှ သက်သာလာသောအခါ ရပ်စပြူတင်သည် စိန့်ပီတာဘတ်မြို့သို့ ပြန်လာခဲ့သည်။ ယခင်ကလိုပင် မိဖုရားကြီးကို အမှီပြုကာ နန်းတွင်း၌ ဩဇာလွှမ်းပြန်သည်။ သူလုပ်နေသမျှကို မည်သူကမျှ မဝေဖန်ရဲ၊ အန်တုရန်မဆိုထားနှင့် စိန်ခေါ်ဝံ့သူပင် မရှိ။ ရပ်စပြူတင်ကလည်း သူ့အကျင့်စရိုက်အတိုင်း နန်းတွင်း၌ ထင်ရာစိုင်းလျက်ရှိသည်။

## အမှန်မြင်သူ

ရပ်စပြူတင်နှင့် နန်းတွင်း၌ ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မကျေမနပ် ဖြစ်နေသူမှာ 'မင်းသား ဖီးလစ် ယူဆူပေါ့[၁]' ဖြစ်သည်။ မင်းသားမှာ အသက်နှစ်ဆယ့်ခုနစ် နှစ်မျှသာ ရှိသေးသော်လည်း အောက်စဖို့ဒ်တက္ကသိုလ်မှ ဘွဲ့ရလာသော ပုဂ္ဂိုလ်ဖြစ်၍ အသိ ဉာဏ်ပညာ မြင့်မားသူဖြစ်သည်။ သူ့ဇနီးမှာ ဇာဘုရင်၏ တူမဖြစ်သဖြင့် ရပ်စပြူတင်လုပ်နေ သမျှ အားလုံးကို အတွင်းကျကျ သိနေသူဖြစ်၏။ သူသည် ရပ်စပြူတင်၏ ဩဇာလွှမ်းမိုးမှု အောက်သို့ သူ့ဇနီး ကျရောက်သွားမည်ကိုလည်းကောင်း၊ ရပ်စပြူတင်ခိုင်းစေသမျှကို လိုက်၍ လုပ်နေကြသော 'ဇာနှင့် ဇာရီနာ' တို့၏ လုပ်ရပ်များကြောင့် နိုင်ငံနှင့် ပြည်သူတို့၏အကျိုး ပျက်ပြားသွားမည်ကိုလည်းကောင်း စိုးရိမ်သောကကြီးနေသူ ဖြစ်လေသည်။

အခြေအနေအရပ်ရပ်ကို စနစ်တကျ လေ့လာသုံးသပ်လျက်ရှိသော မင်းသား ယူဆူပေါ့သည် ဆူးငြောင့်ခလုတ်သဖွယ် ဖြစ်နေသော ရပ်စပြူတင်အား နန်းတော်တွင်းမှ ဝေးရာသို့ ရောက်သွားအောင် လုပ်မှဖြစ်မည်ဟု သဘောရသည်။ သို့သော်လည်း အဟန့် အတားဖြစ်နေသူမှာ ဇာရီနာဖြစ်သည်။ ရပ်စပြူကင်အား နန်းတွင်းမှ မောင်းထုတ်ရန် မည်မျှ ပင် တိုက်တွန်းစေကာမူ ဇာရီနာကတော့ လက်ခံလိမ့်မည် မဟုတ်။

---

၁။ Prince Felix Yussupov

mgyoe.com

ဤသို့ဖြင့် မင်းသား ယူဆူပေါ့နှင့် သူ့အပေါင်းအသင်းများသည် ရပ်စပြူတင်အား လုပ်ကြံသတ်ဖြတ်ရန် ဆုံးဖြတ်လိုက်ကြသည်။ မင်းသား ယူဆူပေါ့၏ ကြံရာပါများထဲတွင် ဇာဘုရင်၏ ဝမ်းကွဲညီ 'မြို့စား ဒီမီထရီ ဖက်ဗ်လိုဗစ်ချ်'၊ ပိုလန်လူမျိုးဆရာဝန်ကြီး 'ဒေါက်တာ စတန်နစ္စလာယပ်စ် လတ်ဆိုဗတ်' နှင့် လက်ျာနိုင်ငံရေးသမားတစ်ဦးဖြစ်သော 'ပိုဂစ်ကီဗစ်ချ်' တို့ ပါဝင်လေသည်။

## လုပ်ကြံခြင်း

မင်းသား ယူဆူပေါ့ဗ်သည် ၁၉၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့ညတွင် သူ့နေအိမ်၌ ပါတီပွဲတစ်ပွဲ ပြုလုပ်သည်။ ထိုပါတီပွဲသို့ တက်ရောက်ရန် ရပ်စပြူတင်ကိုလည်း ဖိတ်ကြားခဲ့၏။ 'ဒေါက်တာ လတ်ဆိုဗတ်' က အလွန်ပြင်းသော အဆိပ်ကို ကိတ်မုန့်ကလေး ခြောက်ခုထဲတွင် စနစ်တကျ ထည့်ပေးထားသည်။ ယင်းကိတ်မုန့်ကလေးများမှာ ရပ်စပြူတင် အလွန်ကြိုက်သော မုန့်များ ဖြစ်သဖြင့် မုချစားလိမ့်မည်ဟု ယုံကြည်ထားကြသည်။ ထို့မျှမကသေး မင်းသား ယူဆူပေါ့နှင့်အဖွဲ့သည် အဆိပ်များကို မက်ဒေးရာဝိုင်ထဲတွင်လည်း ခပ်ထားလေသည်။

ရပ်စပြူတင်သည် ဖိတ်ကြားထားသည့်အတိုင်း ပါတီပွဲသို့ ရောက်လာသည်။ အများက မျှော်လင့်ထားသည့်အတိုင်း သူအကြိုက်ဆုံးသော ကိတ်မုန့်ကလေးများကို တစ်ခုပြီး တစ်ခု ယူစားလျက်ရှိ၏။ မင်းသား ယူဆူပေါ့သည် ကိတ်မုန့်အားလုံး ကုန်အောင်စားကာ ဝိုင်တစ်ပုလင်းလုံးကို ကုန်အောင်သောက်နေသော ရပ်စပြူတင်ကိုကြည့်ကာ အကြီးအကျယ် အံ့အားသင့်လျက်ရှိလေ၏။

ရပ်စပြူတင်သည် ဘာမှဖြစ်သည့် လက္ခဏာကို မပြ။ သူသည် စားပွဲမှထရပ်ကာ စတင်၍ ကသည်။ နာရီပေါင်းများစွာ ကုန်လွန်သွားသော်လည်း ရပ်စပြူတင်သည် အသက် မသေသေး၊ ခုန်ပေါက်မြူးတူးကာ ကခုန်နေဆဲ။

မင်းသား ယူဆူပေါ့သည် ရပ်စပြူတင်အားကြည့်ကာ များစွာ သောကရောက်လျက်ရှိသည်။ 'ဒီလူယုတ်မာ သေမှ သေပါ့မလား' ဟူသောအတွေးဖြင့် ကြံရာမရဖြစ်လျက်ရှိ၏။ သူသည် ရပ်စပြူတင်အား အခန်း၏တစ်ဖက်စွန်းသို့ခေါ်သွားပြီး ဘီရိုငယ်တစ်လုံးပေါ်မှ ဆင်စွယ် လက်ဝါးကပ်တိုင်ရုပ်ကလေးကို ပြသည်။ ရပ်စပြူတင် စိတ်ဝင်စားလာစေရန် အားထုတ်သည်။

ရပ်စပြူတင်သည် ဆင်စွယ်ရုပ်ကလေးကို ငုံ့ကြည့်နေသည်။ ဤအခိုက်မှာပင် မင်းသား ယူဆူပေါ့သည် သူ့အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ကာ ရပ်စပြူတင်၏နံဘေးကို ပစ်ခတ်သည်။ ရပ်စပြူတင်သည် ကြမ်းပေါ်သို့ လဲကျသွားသည်။ သို့သော်လည်း မင်းသား ယူဆူပေါ့က သူ့ဘေး၌ ဒူးထောက်ထိုင်ချလိုက်ပြီး ငုံ့ကြည့်နေခိုက်တွင် ရပ်စပြူတင်၏ မျက်လုံးအစုံသည်ပွင့်လာသည်။ မင်းသား၏လည်ပင်းကို လက်တစ်ဖက်ဖြင့် လှမ်းဆွဲသည်။ ကြောက်လန့်တကြားဖြစ်သွားသည့် မင်းသားသည် ဖြတ်ကနဲထကာ တံခါးဆီသို့ လျင်မြန်စွာ ပြေးသွားသည်။ လဲကျနေသော ရပ်စပြူတင်သည် ဖျတ်ကနဲထကာ မင်းသားနောက်မှ ပြေး လိုက်သည်။

mgyoe.com

mgyoe.com

## သေမှ သေပါ့မလား

ခြံဝင်းထဲအရောက်တွင် ရပ်စပြူတင်သည် ဒယီးဒယိုင်ဖြစ်လျက်ရှိရာ သူနှင့် ရင်ဆိုင်ဖြစ်နေသော မြို့စား ဒီမီထရီက ခြောက်လုံးပြူးနှင့် ရင်ဘတ်ကို ဆီး၍ပစ်သည်။ ဤတစ်ကြိမ်တွင်လည်း ရပ်စပြူတင်သည် လဲကျသွားပြန်၏။ သူ့အလုပ်ကို ပြီးပြတ်သွားအောင် လုပ်လိုသော မင်းသား ယူဆူပေါ့သည် သံမဏိချောင်းတစ်ချောင်းဖြင့် ရပ်စပြူတင်အား ပြင်းစွာရိုက်သည်။ အဆက်မပြတ် ရိုက်နေသည့်ကြားမှပင် ရပ်စပြူတင်၏ ကြောက်မက်ဖွယ်ကောင်းလှသော မျက်လုံးများသည် မင်းသားအား စူးစူးရဲရဲ ကြည့်နေသည်ကို တွေ့ရသည်။ မင်းသားသည် များစွာ ထိတ်လန့် တုန်လှုပ်သွားခဲ့ရလေ၏။

ဒုတိယအကြိမ် မြို့စား ဒီမီထရီက သေနတ်နှင့်ပစ်အပြီး မိနစ်အနည်းငယ်မျှအကြာတွင် ပုလိပ်များ ရောက်လာသည်။ မင်းသား ယူဆူပေါ့တို့က ဆီး၍ လိမ်လည်ပြောဆိုပြီး ရှုဘယ်ငွေ တစ်ထောင် လာဘ်ထိုးကာ ပုလိပ်များကို ပြန်လွှတ်လိုက်သည်။ ထို့နောက် လုပ်ကြံသူများသည် ရပ်စပြူတင်၏အလောင်းကို ဖျောက်ဖျက်ရန် ဆွေးနွေးတိုင်ပင်ကြသည်။

သူတို့သည် ရပ်စပြူတင်အား သားမွေး ဂရိတ်ကုန်အကျႌကြီးဖြင့် ထုပ်ကာ အပြင်မှ ကြိုးများဖြင့်ပတ်၍ ချည်သည်။ ထိုအချိန်ထိ ရပ်စပြူတင်မှာ မသေသေး။ သူတို့သည် အထုပ်ကြီးကို ကားနောက်ခန်းထဲထည့်ကာ နီဗားမြစ်ဆီသို့ မောင်းခဲ့ကြသည်။ ထို့နောက် ရပ်စပြူတင်အား ရေခဲလုနီးပါး ဖြစ်နေသော မြစ်ထဲသို့ ပစ်ချလိုက်ကြလေ၏။

နောက်သုံးရက်အကြာတွင် ရပ်စပြူတင်၏အလောင်းသည် ဆိပ်ခံတံတားတစ်ခု၏ တိုင်တစ်တိုင်၌ လာ၍ငြိနေသည်။ သူ့အလောင်းကို တိတ်တဆိတ် ကြိတ်၍ဆယ်ကာ နန်းတော်အနီးရှိ သစ်သားဘုရားရှိခိုးကျောင်းဝင်း အတွင်း၌ လျှို့ဝှက်၍ မြှုပ်နှံခဲ့ကြသည်။ ဤကိစ္စမှာ လူမသိ သူမသိ ပြီးပြတ်သွားလိမ့်မည်ဟု၍ကား တွက်၍မရချေ။

မကြာခင်မှာပင် ရပ်စပြူတင်သေဆုံးမှုနှင့် ပတ်သက်၍ ကောလာဟလသတင်းများ ထွက်လာသည်။ ဤအရေးအခင်းတွင် မင်းသားယူဆူပေါ့နှင့် မိတ်ဆွေများ၌ တာဝန်မကင်းဟု လူအများက ပြောကြသည်။ သို့သော်လည်း မင်းသား ယူဆူပေါ့သည် ဤကိစ္စနှင့် ပတ်သက်၍ ဖမ်းဆီးခံရခြင်း၊ တရားစွဲခံရခြင်းနှင့် စုံစမ်းစစ်ဆေး မေးမြန်းခံရခြင်း စသည်များနှင့် လုံးဝ ရင်မဆိုင်ခဲ့ရပေ။

## ဘာ့ကြောင့် ပါလိမ့်

မည်သို့ပင်ဖြစ်စေ ဘုန်းကြီးရပ်စပြူတင်၏. တန်ခိုးအာဏာသည် သူ့မြေပုံ၏ တစ်ဘက်သို့ ဆန့်ထွက်လာခဲ့သည်။ ရပ်စပြူတင်က အကယ်၍ သူသေဆုံးသွားခဲ့ပါက ရိုမင်နော့ဖ်မင်းဆက်သည် မုချမသွေ ကျဆုံးရလိမ့်မည်ဟု အမြဲတစေ ပြောခဲ့ဖူး၏။ မည်သည့် အကြောင်းကြောင့် ထိုစကား ပြောခဲ့သည်ကို မည်သူမှ အတိအကျ မသိကြရပေ။ သို့တစေ လည်း . . .

mgyoe.com

ရပ်စပြေျတင် လုပ်ကြံခံရပြီး ဆယ့်ရှစ်လအကြာ ၁၉၁၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ရုရှားနိုင်ငံ၏ မင်းမျိုးမင်းနွယ် တော်ဝင်မိသားစုအားလုံးသည် အီးကက်တာရင်းဘတ်ဂ်၌ တော်လှန်ရေးသမားအုပ်စုများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ကြရလေ၏။ ထိုနေ့ထိုရက်မှစ၍ ရုရှားနိုင်ငံတွင် ဘုရင်စနစ်သည် ပျက်သုဉ်းပျောက်ကွယ်သွားခဲ့ရလေ၏။

■

mgyoe.com

mgyoe.com



ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားစေခဲ့သော မီးပွားအဖြစ်
ဆာရာယေဗိုမြို့တွင် ၁၉၁၄ ခုနှစ်၌ ဩစတြီးယားမင်းသား
လုပ်ကြံခံရသော အရေးအခင်း

mgyoe.com

mgyoe.com

# ဖရန့်ဇ် ဖာဒီနန်

'ဖရန့်ဇ် ဖာဒီနန်' သည် ဩစတြီးယားအင်ပါယာ ဧကရာဇ်မင်း၏ သားဖြစ်သည်။ ယနေ့အချိန်အထိ ဘော်လ်ကန်နိုင်ငံများသည် အချင်းချင်း သွေးကွဲကာ စည်းလုံးညီညွတ်မှု ပျက်ပြားလျက်ရှိသည်ဖြစ်ရာ ဖရန့်ဇ်ဖာဒီနန် လုပ်ကြံခံခဲ့ရသည့် ကိစ္စကို မမေ့ကြသေး

## မတည်ငြိမ်သောကာလ

အချိန်မှာ ၁၉၁၄ ခုနှစ် ဖြစ်သည်။ ဥရောပတစ်တိုက်လုံး နိုင်ငံရေးအားဖြင့် မတည်ငြိမ်သော ကာလဖြစ်၏။ အထူးသဖြင့် ဘော်လ်ကန်နိုင်ငံများတွင် ဤအခြေအနေသည် အခြားဒေသများထက် ပို၍တင်းမာကာ ပို၍ပြင်းထန်လျက်ရှိသည်။ ထိုစဉ်က ဘောစနီးယားနိုင်ငံသည် ဩစတြီးယန် ဟက်စ်ဘတ်ဂ် အင်ပါယာ၏ သိမ်းသွင်းခြင်းကို ခံခဲ့ရ၏။ ယင်းနိုင်ငံသည် ဩစတြီးယန်အင်ပါယာနိုင်ငံထံမှ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းခံလျက် ရှိကြလေသည်။

အိမ်နားနီးချင်းနိုင်ငံဖြစ်သော ဆိုက်ဘေးရီးယားနိုင်ငံကလည်း ဩစတြီးယန်းတို့၏ နယ်ချဲ့ဝါဒနှင့် ရင်ဆိုင်ကာ မိမိတို့နိုင်ငံအား လွတ်လပ်ရေးပေးရန် တောင်းခံနေကြသည်။

'အင်ပါယာဧကရာဇ်ဘုရင် ဖရန့်ဇ် ဂျိုးဆက်[၁]' သည် သူ၏ ကြီးမားကျယ်ဝန်းပြီး အကွဲကွဲအပြားပြား ဖြစ်နေသော အင်ပါယာကြီးအား အပေါ်ယံအားဖြင့် ခိုင်မာမှုရှိနေသည်ဟူသော အမြင်ကို ရရှိနိုင်ရေးအတွက် လက်အောက်ခံနိုင်ငံများအား အချင်းချင်း မတည့်အောင် နည်းအမျိုးမျိုးဖြင့် မြှောက်ထိုးပင့်ကော် လုပ်ပေးနေသည်။

---

၁။ Emperor Franz Joseph

mgyoe.com

mgyoe.com

## အိမ်ရှေ့မင်းသား

မည်သို့ပင်ဖြစ်စေ ၁၉၁၄ ခုနှစ်တွင် ဖရန့်ဂျိုးဆက်၏ အသက်သည် ရှစ်ဆယ့်လေးနှစ်မျှ ရှိနေလေပြီ။ ကျန်းမာရေးကလည်း များစွာ ချို့ယွင်းပျက်ပြားနေပြီ ဖြစ်၏။ သူ၏ အာဏာကိုလည်း သူ့အရိုက်အရာကို ဆက်ခံမည့် သူ့သား 'အက်ဂျုခ် ဖရန့်ဖာဒီနန်[၁]' အား ထိုက်သင့်သလို ခွဲဝေပေးထားနေရပြီ ဖြစ်သည်။

ဖရန့်ဖ်ဖာဒီနန်သည် သူ့ဖခင်၏ အင်ပါယာနိုင်ငံတော်၏ လက်နက်ကိုင်တပ်ဖွဲ့များ၏ ဗိုလ်ချုပ်ကြီးအဖြစ်လည်း တာဝန်ယူထားရသည်။ ယင်းအခြေအနေတွင် သူသည် ဘော်စနီးယားနိုင်ငံ ဆာရာဂျီဗိုမြို့သို့ ၁၉၁၄ ခုနှစ် ဇွန်လထဲတွင် အလည်ရောက်သွားခဲ့လေသည်။

ဤအလည်အပတ်ခရီးသည် ဖရန့်ဖ်ဖာဒီနန်သည် သူ့ဇနီး 'မြို့စားကတော် ဆိုဖီချိုတက်ခ်[၂]' ကိုပါ ခေါ်ဆောင်လာခဲ့သည်။ ဖရန့်ဖ်ဖာဒီနန်အနေဖြင့် သူ့ဖခင်နှင့် မိသားစုတို့ 'အုပ်ချုပ်မှုအပေါ်၌ နယ်မြေဒေသတွင်းရှိ လူမျိုးပေါင်းစုံက အထင်အမြင်သေးရုံမက အမြဲတစေ ပြစ်တင်ရှုတ်ချနေသည်ကို ကောင်းစွာ သိမြင်နားလည်လျက် ရှိလေသည်။

## စွန့်စားရသည့် ခရီး

သူ၏ အလည်အပတ်ခရီးသည် အန္တရာယ်ပေါင်းစုံနှင့် ကြုံတွေ့နိုင်သဖြင့် အလွန် စွန့်စားရမည့် ခရီးဟု ကြိုတင်၍ သိနားလည်ထားသည်။ ဤကြားထဲတွင် လုပ်ကြံသတ်ဖြတ်မည့် အစီအစဉ်တစ်ခုကိုလည်း ချမှတ်ထားပြီဟူသော ကောလာဟလသတင်းသည် လူအများကြားတွင် တိုးဝင်ပျံ့နှံ့လျက် ရှိလေသည်။

ထိုသတင်းများသည် ထိုအချိန်က ဗီယက်နာမြို့၌ ဘားတီးယန်းနိုင်ငံ သံအမတ်အဖြစ် ရောက်ရှိနေသော 'ဂျိုဗန် ဂျိုဗန်နိုဗစ်[၃]' ထံသို့ပင် ရောက်ရှိခဲ့၏။ ထို့ကြောင့်လည်း ဂျိုဗန်နိုဗစ်က အိမ်ရှေ့မင်းသားထံ ကြိုတင်အသိပေးစာကို ပေးပို့ခဲ့ခြင်းဖြစ်သည်။ ဤကိစ္စတွင် အိမ်ရှေ့မင်းသား ဖရန့်ဖ်ဖာဒီနန်သည် သတိပေးချက်ကို ပယ်ချခဲ့ပြီး ဇွန်လ ၂၄ ရက်နေ့တွင် သူနှင့် သူ့ဇနီး ကောင့်တက်စ်ဆိုဖီတို့သည် ဘော်လ်တန်နိုင်ငံများဘက်သို့ ရှေ့ရှုနေသော တောင်ပိုင်းခရီးကို ထွက်ခွာခဲ့ကြလေသည်။

## လုပ်ကြံမည့်သူများ

ထိုအချိန်တွင် ဆာရာဂျီဗိုမြို့၌ လူငယ်တစ်စုသည် ဖရန့်ဖ်ဖာဒီနန်အား လုပ်ကြံရေးအတွက် နောက်ဆုံး ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နေကြပြီ ဖြစ်၏။ အဖွဲ့ခေါင်းဆောင်မှာ အသက်ကြီးသေးသည် မဟုတ်၊ ဆယ့်ကိုးနှစ်အရွယ် ကျောင်းသားလူငယ် 'ဂက်ဗရီယို

---

၁။ Archduke Franz Ferdinand ၂။ Countess Sophie Chotek ၃။ Jovan Jovanovic

mgyoe.com

ပရင်စစ်[၁]' ဆိုသူ ဖြစ်၏။ သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နေကြသူများမှာ အသက် ဆယ့်ရှစ်နှစ်မျှသာ ရှိသေးသော '**နီဒေလျေကို ကက်ဘရီနော့ဗ်**[၂]' နှင့် '**တရစ်ဖ်ကို ဂရားဘက်ဇ်**[၃]' တို့ ဖြစ်လေသည်။

၁၉၁၄ ခုနှစ် နွေဦးပေါက်ရာသီတွင် ယင်းကျောင်းသားသုံးဦးသည် ဘဲလ်ဂရိတ်မြို့ရှိ သူတို့ ပညာသင်ကြားနေရာ ကျောင်း၌ ဆုံကြသည်။ ဩစတီးယန်း အိမ်ရှေ့မင်းသား ဆာရာဂျီဗိုသို့ လာလိမ့်မည်ဟူသော သတင်းသည် သူတို့ထံ ရောက်လာသည်ဖြစ်ရာ သူတို့သည် 'အိမ်ရှေ့မင်းသား လုပ်ကြံရေးအစီအစဉ်' ကို ဆွေးနွေးချမှတ်ကြသည်။ ယင်းအစီအစဉ် အောင်မြင်ထမြောက်ရေးအတွက် သူတို့သည် 'ဆိုက်ဘေးရီးယန်း လျှို့ဝှက်အဖွဲ့အစည်း' တစ်ခုနှင့် ဆက်သွယ်ခဲ့ကြ၏။

ယင်းအဖွဲ့ကို ဦးဆောင်နေသူမှာ '**ကာနယ်အေပစ္စ**[၄]' ဟု လူသိများနေသော '**ကာနယ် ဒရာဂူတင် ဒီမီထရီဂျီဗစ်**[၅]' ဆိုသူ ဖြစ်၏။ ယင်းအဖွဲ့သည် ကျောင်းသားသုံးဦး အား ခြောက်လုံးပြူးများ၊ ကျည်ဆံများနှင့် လက်ပစ်ဗုံးများ ပေးခဲ့ရုံမျှမက အခြေခံစစ်ပညာ သင်တန်းကိုပါ ပေးခဲ့သည်။ ဆိုက်ဘေးရီးယားနယ်စပ်မှ အလွယ်တကူ ဖြတ်ကူးပြီး ဘော့စနီး ယားနိုင်ငံတွင်းသို့ ဘေးကင်းစွာ ဝင်ရောက်နိုင်ရန်လည်း ကူညီခဲ့ကြသည်။

'ဆိုက်ဘေးရီးယား လျှို့ဝှက်အဖွဲ့' သည် လူငယ် သုံးဦးအား အသက်နှစ်ဆယ့် ခြောက်နှစ်အရွယ် လူငယ်ကျောင်းဆရာတစ်ဦးဖြစ်သူ '**ဒင်နီလို အိုင်လစ်**[၆]' ဆိုသူနှင့်လည်း ကောင်း၊ '**စီဗက်ကို ပိုပိုဗစ်**[၇]' အမည်ရှိ အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်တစ်ဦးနှင့်လည်း ကောင်း အဆက်အသွယ် လုပ်ပေးခဲ့သည်။

## လက်ပစ်ဗုံးတစ်လုံး

အိမ်ရှေ့မင်းသား ဖရန့်ဇ်ဖာဒီနန်နှင့် သူ၏ နောက်လိုက်များသည် ၁၉၁၄ ခုနှစ် ဇွန်လ ၂၇ ရက်ညတွင် အိုင်လစ်ဇ်မြို့ရှိ 'သည်ဟိုတယ် ဘော့စနီးယား' ၌ ရပ်နားပြီး ညအိပ်သည်။ ယင်းမြို့မှာ ဆာယာဂျီဗိုမြို့၏ အနောက်တောင်ဘက် မိုင်သုံးဆယ်အကွာ၌ တည်ရှိသည်။ အစီအစဉ်အရ အိမ်ရှေ့မင်းသားသည် မြို့တော်ခန်းမ၌ ကျင်းပမည့် မြို့တော်ဝန် ဧည့်ခံပွဲသို့ တက်ရောက်ရမည်ဖြစ်၍ ထိုပွဲအပြီးတွင် မြို့ထဲသို့သွား၍ ရှုခင်းများကို လှည့်လည် ကြည့်ရှုရမည် ဖြစ်၏။

အိမ်ရှေ့မင်းသားနှင့် အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်း သည် မြို့တော်သို့ နံနက် ၁၀ နာရီထိုးပြီးစတွင် ဆိုက်ရောက်လာသည်။ ယာဉ်တန်းကြီးသည် 'မစ်လ်ဂျက်ကာမြစ်ကမ်း' တစ်လျှောက်အတိုင်း တည်ရှိနေသော 'အေပီကွေးလမ်းမကြီး' အတိုင်း

---

၁။ Gavrilo Princip
၂။ Nedelyko Cabrinov
၃။ Trifko Grabez
၄။ Colonel Apis
၅။ Colonel Dragutin Dimitri Jevic
၆။ Danilo Ilia
၇။ Cevetko Popovic

mgyoe.com

မောင်း၍ဝင်လာသည်။ လမ်းဘေးဝဲယာ ပလက်ဖောင်းများပေါ်၌ ရပ်နေကြသော လူထုပရိသတ်သည် ဩစတီးယားအလံငယ်များကို ဝှေ့ယမ်းကာ အိမ်ရှေ့မင်းသားအား ဆီးကြို နေကြသည်။

ထိုအခိုက်တွင် 'နီဒယ်ဂျေကို ကက်ဘရီနိုဗစ်[၁]' အမည်ရှိ လူတစ်ဦးက သူ့အနီးမှ ပုလိပ်တစ်ဦးအား 'ဘယ်ဟာ အိမ်ရှေ့မင်းသား ပါတဲ့ကားလဲ' ဟု မေးသည်။ ပုလိပ်သားက အိမ်ရှေ့မင်းသား၏ ကားကို လက်ညှိုးထိုးပြသည့်အခါ မေးသူသည် ဖြုန်းကနဲ လက်ပစ်ဗုံးတစ်လုံးထုတ်ကာ ကားဆီသို့ လှမ်းပစ်လိုက်၏။ ယာဉ်မောင်းသည် လေထဲ၌ ပျံဝဲလာသော အရာဝတ္ထုကို မြင်လိုက်သည့်အခါ မသင်္ကာစိတ် ဝင်လာသဖြင့် ကားလီဗာကို နင်းလိုက်သည်။ လက်ပစ်ဗုံးသည် မော်တော်ကား၏ နောက်ဘက်တွင် ကျကာ ပေါက်ကွဲသွား ခဲ့လေ၏။

## လုပ်စရာရှိတာ ဆက်လုပ်

အိမ်ရှေ့မင်းသား၏ကား ဆက်လက်ထွက်သွားသည်ကို မြင်သောအခါ ကက်ဘရီနို ဗစ်သည် မြစ်ထဲသို့ ခုန်ချသည်။ သို့သော်လည်း ပုလိပ်များက မြစ်ထဲမှ ဆွဲတင်ကာ ဖမ်းဆီးလိုက်ကြသည်။

အိမ်ရှေ့မင်းသားသည် မြို့တော်ဝန်၏ ညှော်ခံပွဲသို့ တက်ရောက်ကာ ဂုဏ်ပြုခြင်းကို ခံယူသည်။ သူ့အသက်အား လုပ်ကြံရန် အားထုတ်မှုနှင့် ပတ်သက်၍ အလေးအနက် သဘောမထားဘဲ သူ့အတွက် ချမှတ်ထားသည့် မူလအစီအစဉ်အတိုင်း ဆက်လက်လုပ်ကိုင် သွားရန်သာ ဇွတ်တိုက်တွန်းလျက်ရှိ၏။

မြို့တော်ခန်းမ၌ နေ့လည်စာ စားအပြီးတွင် အိမ်ရှေ့မင်းသား၏ မော်တော်ယဉ် တန်းကြီးသည် လာလမ်းဖြစ်သော အေပီကွေးလမ်းမကြီးအတိုင်း ပြန်လာသည်။ သို့တစေ လည်း လမ်းမကြီး၏ တစ်ဝက်ခန့်အရောက်တွင် ရှေ့ဆုံးမှဦးဆောင်ကားသည် အမှတ်မှားကာ ညာဘက်ရှိ 'ဖရန့်ဂျိုးဆက်လမ်း' ထဲသို့ ချိုးဝင်လိုက်မိလေ၏။

## အကောင်းဆုံး အခွင့်အရေး


ဘောစနီးယန်းအရာရှိများထဲမှ တစ်ဦးက ယာဉ်မောင်းအား ကားကို အမြန်ဆုံးရပ် လိုက်ရန် လှမ်းအော်သည်။ မော်တော်ယာဉ်အားလုံးသည် ရုတ်တရက် ရပ်သွားပြီး 'အေပီကွေး လမ်း' ဆီသို့ ပြန်ကွေ့ကြသည်။ အိမ်ရှေ့မင်းသား၏ကားသည် 'မော်ရစ် ချဲလား မုန့်မျိုးစုံဆိုင်' အပြင်ဘက် ရှေ့တည့်တည့်အရောက်တွင် ရပ်သွားသည်။ ထိုအချိန်တွင် 'ဂက်ဗရီယို ပရင်စစ်' သည် ဆိုင်တံခါးဝ၌ ရပ်လျက်ရှိသည်ဖြစ်ရာ သူ့အတွက် အကောင်းဆုံးသော

---

၁။ Nedeljko Cabrinovic

mgyoe.com

mgyoe.com




*၂၈ ဇွန်၊ ၁၉၁၄ ၌ ဆာရာဂျီဗိုမြို့၌ လုပ်ကြံခံရစဉ်
မင်းသား ဖရန့်ဖာဒီနန် ဝတ်ဆင်ခဲ့သည့်
သွေးစွန်းနေသော ကျူးနစ်အင်္ကျီ*

အခွင့်အရေးကို ရရှိသွားခြင်းပေတည်း။

စောစောက အားထုတ်ခဲ့သော လုပ်ကြံမှုသည် အချည်းနှီးဖြစ်သွားခဲ့လေရာ သူ သည် စောစောကယူထားသော နေရာ၌ ရပ်မနေတော့ဘဲ လက်ရှိနေရာသို့ ပြောင်းလာခဲ့ခြင်း ဖြစ်သည်။ ယခုသော်မူ သူသည် အိမ်ရှေ့မင်းသား၏ကားနှင့် ပေအနည်းငယ်မျှသာ ကွာဝေးသော နေရာ၌ ရပ်မိလျက်သား ဖြစ်နေခဲ့လေပြီ။

ပရင်စစ်သည် သူ့အိတ်ထဲမှ ဘရောင်းနင်းအမျိုးအစား ခြောက်လုံးပြူးကို ဆွဲထုတ်ကာ အိမ်ရှေ့မင်းသားအား နှစ်ချက်တိတိ လှမ်းပစ်သည်။ ပထမတစ်ချက်သည် မြို့စားကတော် ဆိုဖီအား ထိမှန်ခဲ့၏။ ဒုတိယပစ်ချက်သည် အိမ်ရှေ့မင်းသား၏ ယူနီဖောင်းကော်လာကို ဖောက်ထွက်သွားသည်။ ထိုကျည်ဆံသည် လည်ချောင်းသွေးကြောကို ဒဏ်ရာပြင်းထန်စွာ ရရှိစေခဲ့ပြီးမှ ကျောရိုးအတွင်း ဝင်၍ကပ်နေသည်။

mgyoe.com

mgyoe.com

အိမ်ရှေ့မင်းသားသည် ရုတ်ချင်း သတိလက်လွတ် ဖြစ်မသွားဘဲ သူ့ဇနီးဘက် လှည့်၍ 'ဆိုဖီ ဆိုဖီ' ဟု ခေါ်သည်။ 'မသေပါနဲ့ဦး၊ ကလေးတွေ ရှိသေးတယ်' ဟု ပြောသည်။ သို့သော်လည်း နှစ်ဦးစလုံး မိနစ်အနည်းငယ်အတွင်း သေဆုံးခဲ့ကြလေသည်။

## မင်းမဲ့ဝါဒီများ

ကက်ဘရီနိုဗစ်နှင့် ပရင်စစ်တို့အား စစ်ဆေးမေးမြန်းခဲ့ရာ နှစ်ဦးစလုံးက သူတို့သည် မင်းမဲ့ဝါဒီများဖြစ်ကြောင်း၊ ဤလုပ်ကြံမှုကို သူတို့နှစ်ဦးထဲ လုပ်ခြင်းဖြစ်ကြောင်း အဖြေပေးကြသည်။ သို့သော်လည်း အာဏာပိုင်များက သူတို့နှစ်ဦး၏နောက်တွင် လူအများပါဝင်သည့် လုပ်ကြံရေးအဖွဲ့တစ်ဖွဲ့ ရှိလိမ့်မည်ဟု သိထားကြသည်။

နောက်ဆုံးတွင် လူနှစ်ဆယ့်ငါးဦးကို အရေးယူဖမ်းဆီးခဲ့ပြီး လုပ်ကြံမှုဖြင့် ရုံးတင်ခဲ့၏။ ယင်းအုပ်စုထဲတွင် အိုင်းလစ်၊ ဂရာဘက်ဇ်နှင့် ပိုပိုဗစ်တို့ ပါဝင်လျက်ရှိရာ အိုင်လစ်မှတစ်ပါး အားလုံးသည် ဆယ်ကျော်သက်များချည်း ဖြစ်နေသည်။ သီတင်းတစ်ပတ်ကြာမျှ စစ်ဆေးအပြီးတွင် တရားသူကြီးက အမိန့်ချမှတ်သည်။

## ပြစ်ဒဏ်များ

လူကြီးတစ်ဦးဖြစ်သော အိုင်လစ်မှာ သေဒဏ်ကျခံရသည်။ ပရင်စစ်၊ ကက်ဘရီနိုနှင့် ဂရားဘက်ဇ်တို့ သုံးဦးမှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် နှစ်ဆယ်စီ ကျခံကြရ၏။ ပိုပိုဗစ်မှာ ထောင်ဒဏ် ဆယ့်သုံးနှစ် ကျခံရသည်။ သို့သော်လည်း အားလုံးသည် ရှင်လျက်နှင့် သေရသည့်ဘဝတစ်ခုထဲ ကျရောက်သည်နှင့် ခြားနားခြင်း မရှိပေ။

ကက်ဘရီနိုနှင့် ဂရေဘက်ဇ်တို့သည် နှစ်နှစ်ဆယ်အတွင်းမှာပင် အဆုတ်ရောဂါနှင့် အာဟာရဓာတ် ချို့တဲ့သော ရောဂါများ စွဲကပ်ကာ သေဆုံးခဲ့ကြရသည်။ ခြောက်လုံးပြူးနှင့်ပစ်ခဲ့သော ပရင်စစ်သည် ၁၉၁၈ ခုနှစ်အထိ နေသွားခဲ့သည်။ ထောင်ဒဏ်ကုန်ဆုံးအောင် အသက်ရှင်၍ နေသွားခဲ့သူမှာ ပိုပိုဗစ်တစ်ဦးတည်းသာလျှင် ဖြစ်လေသည်။

အိမ်ရှေ့မင်းသား ဇနီးမောင်နှံအား လုပ်ကြံသတ်ဖြတ်ခဲ့သူမှာ 'ဂက်ဗရီယို ပရင်စစ်' ဖြစ်၏။ သူ့အား ၁၈၉၅ ခုနှစ်တွင် ဂရာဟိုဗိုတောင်ကြားလွင်ပြင်ဒေသရှိ လယ်သမားမိဘများမှ မွေးဖွားခဲ့သည်။ ယင်းဒေသသည် အလွန်ခေါင်သောဒေသဖြစ်၏။ သမိုင်းအရ အမြဲတစေ အဖိနှိပ် အချုပ်ချယ်ခံခဲ့ရသော သေဒဖြစ်၍ ဘော့စနီးယား ဒယ်မာရှီးယားနယ်စပ်ပေါ်၌ တည်ရှိလေသည်။

သူသည် ဉာဏ်ရည်ဉာဏ်သွေး မြင့်သော လူငယ်တစ်ဦး ဖြစ်သည်။ ဆံပင်မှာ အနက်ရောင်ဖြစ်၍ အသားဖြူသည်။ မျက်လုံးအစုံမှာ အပြာရောင်။ သူသည် အလွန်တော်သော ကျောင်းသားတစ်ယောက် ဖြစ်သည်။ ဆားဘီးယားနှင့် ကရိုးရှီးယားစာပေများတွင် နှံ့စပ်သည်။ သို့သော်လည်း သူသည် မင်းမဲ့ဝါဒကို နှစ်သက်သော မင်းမဲ့ဝါဒီသမားတစ်ဦး ဖြစ်လေသည်။

mgyoe.com

လူငယ်သဘာဝအတိုင်း သူသည် မတရားမှုကို အံတုလိုသူ ဖြစ်သည်။ စိတ်ဓာတ်ကလည်း ပြင်းထန်သည်။ သူ ချစ်မြတ်နိုးသော ဘော့စနီးယားနိုင်ငံထဲတွင် အမှားများနှင့် မတရားမှုများကို ပျောက်ကွယ်ပျက်သုဉ်းစေချင်သည်။ ဤသည်ကား လုပ်ကြံသူ ပရင်စစ်၏ စိတ်နေစိတ်ထားပေတည်း။

■

mgyoe.com

mgyoe.com



သူတို့၏ နောက်ဆုံးထွက်ပြေးခိုလှုံရာဖြစ်သည့် မက္ကဆီကိုစီးတီးသို့
ရဲနှင့် အရပ်ဝတ်လုံခြုံရေးများ ခြံရံလျက် ရောက်ရှိလာသော
လီယွန်နှင့် နာတာလီယာ ထရော့စကီး



ခေါင်းတွင်စိုက်နေသော ပုဆိန်အား
ထုတ်ယူအပြီး မေ့မျောနေဆဲ
လီယွန်ထရော့စကီးအား သူ၏
အိပ်ရာပေါ်တွင် တွေ့ရစဉ်
လုပ်ကြံခံရပြီး ၂၆ နာရီတွင်
သေဆုံးသွားခဲ့သည်



ထရော့စကီးအား လုပ်ကြံမှုဖြင့်
ဖမ်းဆီးခံထားရသော
ရာမွန်မာကေဒါ (ခေါ်) ဖရန့်ဂျက်ဆန်အား
ခေါင်း၌ ပတ်တီးဖြင့် တွေ့ရပုံ

mgyoe.com

mgyoe.com

# လီယွန်ထရော့စကီး

'လီယွန်ထရော့စကီး[၁]' သည် ရုရှားနိုင်ငံကို ကွန်မြူနစ်နိုင်ငံအဖြစ် တည်ထောင်ရာ၌ လီနင်နှင့်အတူ လက်တွဲခဲ့သူ ဖြစ်သည်။ ၁၉၁၈ – ၂၁ ပြည်တွင်းစစ်ကာလတွင် သူသည် 'တပ်နီတော်[၂]' ဟု အမည်ရခဲ့သည့် ရုရှားတပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့သူဖြစ်၏။

သူနှင့် စတာလင်သည် တစ်ချိန်က ရဲဘော်ရဲဘက်များ ဖြစ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် တစ်ဦးကိုတစ်ဦး မကြည့်ချင်လောက်အောင် မုန်းတီးသော ရန်သူများ ဖြစ်ခဲ့ကြသည်။ ထရော့စကီးပိုင်ဆိုင်သော လက်နက်များမှာ သူ့ကလောင်နှင့် သူ၏ အသိဉာဏ် ပညာ ထက်မြက်မှုတို့ ဖြစ်သည်။ ယင်းနှစ်ခုစလုံးသည် စတာလင်၏ ဘဝရပ်တည်မှုကို ခြိမ်းခြောက်လျက်ရှိသည်ဖြစ်ရာ . . .

## ရဲဘော်ရဲဘက်

လီယွန်ထရော့စကီးသည် 'ဗလာဒီမာ အီလီယစ်ချ် လီနင်' နှင့် လက်တွဲကာ 'ဆိုဗီယက်ပြည်ထောင်စု' ကို တည်ထောက်ခဲ့သူ ဖြစ်သည်။ ဉာဏ်ပညာ ကြီးမားထက်မြက်သူ အဖြစ် ထင်ရှားကျော်ကြားခဲ့သူလည်း ဖြစ်၏။ သူနှင့် 'စတာလင်[၃]' သည် လီနင်၏ ခေါင်းဆောင်မှုအောက်၌ ရဲဘော်ရဲဘက်များ ဖြစ်ခဲ့ကြလေသည်။

လီနင်ကွယ်လွန်သည့် ၁၉၂၄ ခုနှစ်တွင်မှ 'ထရော့စကီးနှင့် စတာလင်' တို့သည် ပြိုင်ဘက်များ ဖြစ်လာခဲ့သည်။ သူတို့ကြားတွင် အာဏာလုပွဲ ဖြစ်ပွားလာခဲ့သည်။ လီနင်တည် ဆောက်ခဲ့သော ကွန်မြူနစ်နိုင်ငံ၌ အကြီးမြင့်ဆုံးသော အာဏာရှင်ဖြစ်လာရေးသည် အလွန် အဓိကကျသည့် ကိစ္စတစ်ခု ဖြစ်လာခဲ့ပြီ မဟုတ်ပါလော။

---

၁။ Leon Trotsky
၂။ The Red Army
၃။ Stalin

mgyoe.com

mgyoe.com

## အာဏာလုပွဲ

သူတို့နှစ်ဦး၏ ပါတီတွင်း အာဏာလုပွဲသည် တစ်နေ့တခြား ပြင်းထန်လာသည်။ ထရော့စကီးသည် အသိဉာဏ်ပညာ ထက်မြက်မှုတွင် စတာလင်ထက် သာလွန်သူဖြစ်လေရာ ယင်းအချက်သည် စတာလင့်အတွက် ကြောက်စရာကောင်းသော လက်နက်တစ်ခု ဖြစ်နေ သည်။ ဤသို့ဖြင့် စတာလင်သည် ထရော့စကီးအား အလဲထိုးနိုင်ရန် အပြင်းအထန် အားထုတ် ခဲ့သည်။

ဤအာဏာလုပွဲသည် စတာလင်က အနိုင်ရရှိခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ သို့သော်လည်း စတာလင်သည် သူရထားသည့် အာဏာ ပြန်လည်ဆုံးရှုံးသွားမည်ကို အမြဲတစေ စိုးရိမ်နေရ၏။ စတာလင့်အဖို့ စိုးရိမ်မည်ဆိုပါကလည်း စိုးရိမ်စရာပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လီယွန်ထရော့စကီး၏ အသိဉာဏ်ပညာသည် သူ့ထက် သာလွန်လျက်ရှိသည် မဟုတ်ပါလား။

## မဟုတ်က ဟုတ်က ဝါဒဖြန့်မှုများ

စတာလင်သည် သူ့ပြိုင်ဘက် ထရော့စကီးအား အပြုတ်ဖြုတ်ရန် ကြိုးပမ်းသည်။ ဤတွင် ထရော့စကီးသည် ရုရှားနိုင်ငံ၌ ဆက်လက်နေထိုင်၍ မဖြစ်နိုင်တော့သည့် အနေအထားကို မြင်လာသည်။ ဤသို့ဖြင့် ၁၉၂၉ ခုနှစ်တွင် ထရော့စကီးသည် ရုရှားနိုင်ငံမှ ထွက်ပြေးသွားခဲ့လေသည်။

ထရော့စကီးသည် ပထမတွင် တူရကီ၊ ပြင်သစ်နှင့် နော်ဝေနိုင်ငံတို့၌ ခိုလှုံပုန်းအောင်းနေခဲ့သည်။ ဆယ်နှစ်တာကာလအတွင်း သူသည် ယင်းနိုင်ငံများ၌ ခိုလှုံနေခဲ့ရ၏။ သို့တစေလည်း သူ့အား လက်ခံထားလျှင် အန္တရာယ်အလွန်များလာမည့် အရိပ်လက္ခဏာများကို သိနေရသဖြင့် ထိုနိုင်ငံအစိုးရများက သူ့အား နှင်ထုတ်ခဲ့ကြလေသည်။

၁၉၄၇ ခုနှစ်တွင် ထရော့စကီးသည် သူ့နောက်ဆုံးခိုလှုံရာနိုင်ငံဖြစ်သော မက္ကဆီကိုနိုင်ငံသို့ ရောက်သွားသည်။ ထိုအချိန်တွင် ထရော့စကီးမှာ စတာလင်၏ အသရေဖျက်မှုနှင့် သွားပုပ်လေလွင့်ပြောဆိုမှုများကို ခံနေရပြီဖြစ်၏။ စတာလင်၏ ဝါဒဖြန့်မှုများကြောင့် ရုရှပြည်သူများသည် ထရော့စကီးအပေါ်၌ အမြင်စောင်းနေကြလေပြီ။

ထိုမျှသာ မကသေး။ စတာလင်သည် ထရော့စကီးအား မျက်ကွယ်၌ သေဒဏ်ချမှတ်ခြင်းကိုပင် ပြုထားပြီးဖြစ်သည်။ စတာလင်က ထရော့စကီးသည် ကမ္ဘာ့ အဓိကနိုင်ငံကြီးများရှိ မြို့ကြီးများ၌ အပြိုင်ရုံးခန်းများ ဖွင့်လှစ်တည်ထောင်ကာ ရုရှားနိုင်ငံအား ပြိုကွဲအောင်လုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့သည်။ ယင်းရုံးများမှ ခန့်ထားသော သူလျှိုများသည် ရုရှားနိုင်ငံပျက်စီးရေးအတွက် နည်းအမျိုးမျိုး ချမှတ်ဆောင်ရွက်နေပါသည်ဟုလည်း အခိုင်အမာပြောသည်။

အမှန်ဖြစ်ရပ်တွင်မူ ထရော့စကီးသည် စတာလင်စွပ်စွဲသလို လုပ်ဆောင်ခဲ့ဟန်မတူပေ။ သူသည် သူ့ကလောင်နှင့် သူ့အသိဉာဏ်ပညာကိုသာ လက်နက်များအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်၏။ ယင်းလက်နက်နှစ်ခုစလုံးမှာလည်း စတာလင်အား ခြိမ်းခြောက်လျက်ရှိသည်

mgyoe.com

ဖြစ်ရာ သူ့အဖို့ ထရော့စကီးရှိနေသမျှ ကာလပတ်လုံး ရာဇပလ္လင် ဖင်မြဲမည့်လက္ခဏာ မရှိချေ။

## အပြုတ်ဖြုတ်ရန်

စတာလင်သည် ရုရှားနိုင်ငံ၏ ထောက်လှမ်းရေးအဖွဲ့ဖြစ်သော 'အင်ကေဗီဒီ အဖွဲ့[၁]' အား သူ့ရန်သူ ထရော့စကီးကို သုတ်သင်ဖယ်ရှားပစ်ရန် တာဝန်ပေးခဲ့သည်။ ထို အဖွဲ့သည် ယင်းသို့သော အလုပ်မျိုးတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းရှိကြ သည်။ သူတို့မှတ်တမ်းများ၏ အဆိုအရ ထိုအချိန်က နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ထွက်ပြေး သွားခဲ့ကြသည့် ရာပေါင်းများစွာသော ရုရှားများသည် အသတ်ခံကြရသည်။ အချို့မှာ သူတို့ကိုယ် သူတို့ သတ်သေသလိုလို ဘာလိုလိုနှင့် ဘဝအဆုံးသတ်နေကြသည်ကို တွေ့ခဲ့ကြရလေသည်။

ဥပမာပြရလျှင် ထရော့စကီး၏ အတွင်းရေးမှူးဖြစ်သော 'အာဝင်းဝုဖ်[၂]' သည် စပိန်နိုင်ငံသို့ သွားရောက်နေထိုင်ရန်အတွက် နော်ဝေနိုင်ငံမှ အထွက်တွင် အသတ်ခံခဲ့ရ၏။ သူ့အား လုပ်ကြံသတ်ဖြတ်သွားသည့် လက်သည်ကို ဖော်၍မရခဲ့ပေ။ အခြား အခြားသော လူအများအပြားမှာလည်း ထိုကဲ့သို့ပင် ဖြစ်ခဲ့ကြသည်။ မည်သူမှ အင်ကေဗီဒီ ထောက်လှမ်းရေး အဖွဲ့၏ လက်ချက်ဟု အတိအကျ မစွပ်စွဲနိုင်ခဲ့ချေ။ ယင်းသတ်ဖြတ်မှုများသည် အင်ကေဗီဒီ အဖွဲ့၌ တာဝန်မကင်းဟုသာ သံသယဝင်ခဲ့ကြလေသည်။

## လူရှာခြင်း

မည်သို့ပင်ဖြစ်စေ အင်ကေဗီဒီထောက်လှမ်းရေးအဖွဲ့သည် ထရော့စကီးအား လုပ်ကြံသတ်ဖြတ်ရေးအတွက် 'ရာမွန်မာကေးဒါး ခေါ် ဖရန့်ဂျက်ဆန်[၃]' အား ရွေးချယ် ခဲ့ကြသည်။ ဂျက်ဆန်မှာ အသက် နှစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသည်။ သူသည် သြဇာကြီးသော စပိန်ကွန်မြူနစ်ခေါင်းဆောင် 'ကာရီဒက် မာကေးဒါး[၄]' ၏ သားဖြစ်၍ ပေါ်ပြူလာဖရန့်တပ်များ၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသော စစ်သားဟောင်းတစ်ဦး ဖြစ်ရုံမျှမက ဘာဆီလိုးနား အကြမ်းဖက်ဝါဒီများ သင်တန်းကျောင်းမှ ထွက်လာသော ကျောင်းသားတစ်ဦး ဖြစ်လေသည်။

ဂျက်ဆန်သည် မော်စကိုသို့သွား၍ လူသတ်နည်း၊ အဖျက်လုပ်ငန်းလုပ်နည်း၊ ထောက်လှမ်းနည်းနှင့် ပျောက်ကျားစစ် ဆင်နွှဲနည်း စသော အတတ်ပညာများကို သင်ကြား လေ့ကျင့်ရသည်။ သင်တန်းပြီးဆုံးသည့်အခါ သူ့အား ပါရီမြို့တော်သို့ စေလွှတ်သည်။ သူ သည် ပါရီတွင် အမေရိကန်အမျိုးသမီး 'ဆီးလ်ဗီးယား အိတ်ဂျ်လော့ဖ်' နှင့်တွေ့သည်။

သူတို့နှစ်ဦး ပါရီ၌ ဆုံမိကြခြင်းသည် အမှတ်မထင် ဆုံမိကြခြင်းဖြစ်သည်ဟု

---

၁။ NKVD (The Russian Secret Service)
၂။ Erwin Wolf
၃။ Ramon Mercador alias Frank Jacson
၄။ Caridad Mercador

mgyoe.com

mgyoe.com

ဆိုကြသည်။ သို့သော်လည်း အားလုံးကို ခြုံငုံပြီး လေ့လာသည့်အခါ သူတို့ချင်း အခုလို ဆုံမိအောင် ကြိုတင်၍ ကြံစည် စီစဉ်ထားသည်ဟု အများက ယူဆကြသည်။ တကယ်တော့ ထိုအမျိုးသမီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌နေထိုင်ကာ လီယွန်ထရော့စကီး၏ ဆက်သား အဖြစ် ဆောင်ရွက်ပေးနေသူ မဟုတ်ပါလော။

## အယုံသွင်း၍

ဂျက်ကဆန်သည် သူ့ကိုယ်သူ 'ဂျက်မော်နတ်' ဟု နာမည်ပြောင်းထားသည်။ လူကလည်း လူချော၊ ဆွဲဆောင်မှုကလည်း အပြည့်၊ သဘောမနောကလည်း ကောင်းသည်။ သူတို့ချင်း ဆုံမိပြီးနောက် မကြာခင်မှာပင် သူသည် ဆီးလ်ဗီးယားအား သူနှင့်လက်ထပ်ရန် သွေးဆောင်ခဲ့ရာ အောင်မြင်ခဲ့၏။ သူသည် အလွန်ယုံလွယ်သော အမျိုးသမီးအား စိတ်ကူးယဉ် လောကတစ်ခုကို ဖန်တီးပြီး ပြောပြခဲ့ရာ အမျိုးသမီးကလည်း တစ်ခွန်းတလေမျှပင် ပြန်၍ စစ်ဆေးမေးမြန်းခြင်း မပြုတော့ဘဲ လက်ခံခဲ့လေ၏။

ဤသို့ဖြင့် သူတို့သည် နယူးယောက်မြို့သို့ ခရီးထွက်ခဲ့ကြသည်။ သူတို့ထွက်လာသည့်အချိန်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ဆယ်ရက်အလိုတွင်ဖြစ်၏။ ဆီးလ်ဗီးယားက တော့ သူမသည် အလွန်ထင်ရှားသော သံတမန်တစ်ဦး၏သား၊ ဘယ်လ်ဂျီယံအမျိုးသား စာရေးဆရာ တောင်တက်သမားတစ်ယောက်နှင့် လက်ထပ်ရတော့မည်ဟု ယုံကြည်နေသည်။ ထိုသူ၏ ပြောပြချက်အရဆိုလျှင် သူ့ဖခင် သံတမန်ကြီးသည် မကြာသေးခင်ကမှ ကားတိုက်မှုဖြစ်ပြီး ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း သူ့လူပြောသမျှ အချက် အလက်အားလုံးသည် တစ်လုံးတစ်ပါဒမျှ မှန်ကန်ခြင်းမရှိပေ။

## မမျှော်လင့်သော ဖြစ်ရပ်

ဂျက်ကဆန်နှင့် ဆီလ်ဗီးယားတို့သည် နယူးယောက်မှတစ်ဆင့် မက္ကဆီကိုစီးတီးသို့ လေယာဉ်ဖြင့် ခရီးဆက်ခဲ့ကြသည်။ သို့သော်လည်း ဂျက်ကဆန်၏လုပ်ငန်းနှင့် အစီအစဉ်များ ရှေ့သို့တိုးပြီး မဆောင်ရွက်နိုင်မီ အခြေအနေသစ်တစ်ခုလည်း ဝင်ရောက်လာသည်။

မက္ကဆီကန် ကွန်မြူနစ်ပါတီသည် ရုရှားကွန်မြူနစ်ပါတီ သို့မဟုတ် စတာလင် ကွန်မြူနစ်ပါတီ၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးရေးအတွက် ထရော့စကီး လုပ်ကြံသတ်ဖြတ် ရေးအစီအစဉ်ကို သူတို့နည်း သူတို့ဟန်ဖြင့် ချမှတ်ကြသည်။

ဤသို့ဖြင့် ၁၉၄၀ ခုနှစ် မေလ ၂၄ ရက်နေ့တွင် မက္ကဆီကိုစီးတီးမြို့၏ ဆင်ခြေဖုံး ရှိ 'အေဗားဒီးယား ဗီးယင်နာ' အမည်ရှိ အိမ်ကြီးအား လုပ်ကြံသတ်ဖြတ်မည့်သူများဟု ယူဆရသည့် လူနှစ်ဆယ့်လေးယောက်က ဝင်ရောက်စီးနင်းကြသည်။ မက်ရှင်းဂန်းစက် သေနတ်များ၊ လက်လုပ်မီးလောင်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြလေသည်။

mgyoe.com

## မအောင်မြင်

လုပ်ကြံသူများသည် အရေအတွက်အားဖြင့်လည်း များပြား၍ အသုံးပြုသည့် လက်နက်အင်အားကလည်း မသေးလှချေ။ သို့သော်လည်း လုပ်ကြံသူများ၏ တိုက်ခိုက်မှုသည် အောင်မြင်ခြင်း လုံးဝမရဘဲ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရ၏။ အိမ်ထဲရှိ လီယွန်ထရော့စကီး၊ သူ့ဇနီးနှင့် မြေးတို့သည် ထိခိုက်ဒဏ်ရာရခြင်း မရှိဘဲ ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။

အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရသော လုပ်ကြံမှုအပြီးတွင် ထရော့စကီးသည် သူ့အပေါ် ကြည်ညိုလေးစားဆဲဖြစ်သော နောက်လိုက်များ၏ အကူအညီဖြင့် သူ့အိမ်ကို ပြန်လည်တည်ဆောက်သည်။ ဤတစ်ကြိမ်တွင် သူသည် သူ့လုံခြုံရေးကို အဓိကထားကာ ခံတပ်တစ်ခုသဖွယ် တည်ဆောက်ခဲ့သည်။ သူ့နောက်လိုက်များထဲတွင် သူ့အပေါ် ကြည်ညိုဆဲဖြစ်သော အမေရိကန်အမျိုးသမီး 'ဆီးလ်ဗီးယား အိတ်ဂျ်လော့ဖ်နှင့် သူမ၏ခင်ပွန်း ဖရန့်ဂျက်ကဆန်' တို့ ပါဝင်လျက်ရှိ၏။

အမှန်အားဖြင့် ထရော့စကီးသည် ဂျက်ကဆန်အား နှစ်မြို့ခြင်း မရှိပေ။ ထရော့စကီး၏စိတ်တွင် ဂျက်ကဆန်သည် ကြွားဝါလွန်းသည်။ ဘဝင်မြင့်လွန်းသည်၊ မိမိကိုယ်မိမိ အထင်ကြီးလွန်းသည်ဟု မြင်သည်။ သို့သော်လည်း စတုတ္ထမြောက် နိုင်ငံတကာ ကွန်မြူနစ်များညီလာခံ၌ ထရော့စကီးတင်သွင်းခဲ့သော စာတမ်းများကို ပြန်ရေးပေးရန် ဂျက်ကဆန်က မေတ္တာရပ်ခံသည်။ ထရော့စကီးက ချက်ချင်းပင် သဘောတူလက်ခံခဲ့သည်။

## အကြံပက်စက်သူ

၁၉၄၀ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ဖြစ်သည်။ မက္ကဆီကိုစီးတီးမြို့ထဲတွင် အပူချိန်သည် ပြင်းလျက်ရှိ၏။ သို့သော်လည်း ဖရန့်ဂျက်ကဆန်သည် သူ့တိုက်ခန်းမှထွက်ကာ ထရော့စကီးအိမ်သို့ လာခဲ့သည်။ သူသည် မိုးကာအင်္ကျီကိုဝတ်၍ ဦးထုပ်ဆောင်းလာသည်။ သူ့ကုတ်အင်္ကျီအောက်တွင် ရေခဲခွဲသည့် ပုဆိန်အသေးစားတစ်လက်၊ တူတစ်ချောင်းနှင့် ၄၅ အက်စ်ထရီဘာ အော်တိုမက်တစ် သေနတ်တစ်လက် ဝှက်၍ထည့်လာခဲ့လေ၏။

ဂျက်ကဆန်သည် 'အေဗားဒီးယား ဗီယင်နာ ဗစ်လာဂေဟာ' သို့ ညနေ ၅ နာရီထိုးပြီး မကြာခင် ရောက်သွားသည်။ ထရော့စကီး၏ ကိုယ်ရံတော်တပ်သားများက လျှပ်စစ်တံခါးများကို ဖွင့်ပေးပြီး အိမ်ဥယျာဉ်တွင်း၌ ယုန်များအစာကျွေးနေသည့် ထရော့စကီးထံသို့ ပို့ပေးသည်။ ထရော့စကီး၏ဇနီး နာတာလီယာက ကြိုတင်အသိမပေး၊ အကြောင်းမကြားဘဲ ဆီးလ်ဗီးယား၏ လင်ယောကျ်ား ရောက်လာသည်မှာ မထူးဆန်းဘူးလားဟု သူမ၏ယောကျ်ားအား ပြောသည်။ ထရော့စကီးက သူ့ဇနီးစကားကို အရေးတယူစဉ်းစားခြင်း မပြု။ သူ့ဧည့်သည်ကိုသာ ညစာစားပြီးမှ ပြန်ဖို့ လှမ်းပြောသည်။

ဂျက်ကဆန်က ညစာစားဖို့ ဖိတ်ကြားသည်ကို လက်မခံဘဲ ငြင်းဆန်သည်။ သူ့မေတ္တာရပ်ခံချက်အရ ရေးထားသည့်စာတမ်းကို ပြီးသွားပြီဟု ထရော့စကီးပြောသည့်အခါ ဂျက်

mgyee.com

ကဆန်က နောက်ဆုံးအနေဖြင့် ထပ်မံကြည့်ရှုစစ်ဆေးပေးရန် ပြောသည်။ သူတို့နှစ်ယောက်သည် အတူတူတွဲ၍ စာကြည့်ခန်းထဲသို့ သွားကြသည်။ ထရော့စကီးသည် သူ့စားပွဲ၌ ဝင်ထိုင်သည်။

## လူယုံ၏လက်ချက်

ထရော့စကီး၏ လက်တစ်ကမ်းတွင် သူ၏ ခြောက်လုံးပြူး ၂၅ အော်တိုမက်တစ် တစ်လက်နှင့် အရေးကြုံလာလျှင် စက္ကန့်ပိုင်းအတွင်း အစောင့်များအား ခေါ်နိုင်မည့် အရေးပေါ် ဘဲလ်ခလုတ်များ ရှိသည်။ ထရော့စကီးသည် သူ ပြန်ရေးထားသော စာတမ်းကို စိတ်ဝင်တစား ပြန်ဖတ်လျက်ရှိ၏။ ဂျက်ကဆန်သည် သူ့မိုးကာအင်္ကျီကို စားပွဲပေါ်သို့ လှမ်းတင်လိုက်ပြီး အထဲမှ ရေခဲခွဲပုဆိန်ကို ထုတ်ယူကာ ထရော့စကီး၏ဦးခေါင်းကို ပေါက်လိုက်လေ၏။

ဂျက်ကဆန်က နောက်တစ်ကြိမ်ထပ်ပေါက်ရန် ဟန်အပြင်လိုက်တွင် ထရော့စကီး က လက်ကိုဖမ်းဆွဲပြီး တအားကုန် ကိုက်လိုက်သဖြင့် ပုဆိန်သည် ဂျက်ကဆန်လက်ထဲမှ လွတ်ကျသွားသည်။ ထရော့စကီးသည် စာကြည့်ခန်းထဲမှ ဒရီးဒယိုင်ဖြင့်ထွက်ကာ ဧည့်ခန်းထဲ သို့ ရောက်သွားသည်။ သူ့ပါးစပ်မှ 'ဟော့ ဂျက်ကဆန် မင်း ဘယ်လိုလုပ်လိုက်တာလဲ' ဟု အော်သည်။

အစောင့်များသည် ဧည့်ခန်းထဲသို့ ပြေးဝင်လာကြသည်။ ထရော့စကီးအား ပစ္စတို နှင့် ချိန်ရွယ်နေသော ဂျက်ကဆန်အား ဝိုင်း၍ဖမ်းချုပ်ကြသည်။ 'သူ့ကို မသတ်ပစ်နဲ့' ဟု ထရော့စကီးက ပြောသည်။ 'သူ့ကို မရ အရ စစ်ဆေးဖို့ လိုတယ်' ဤစကားပြောအပြီးတွင် သူသည် သတိလစ်သွားလေ၏။

အစောင့်များသည် သူတို့ဆရာ၏စကားကို လိုက်နာကြသည်။ သူတို့သည် ဂျက် ကဆန်ကို သတ်မပစ်ကြ။ သို့သော်လည်း အသေအလဲ အပြင်းအထန် ရိုက်နှက်ပစ်ကြသည်။ နောက် မိနစ်အနည်းငယ်မျှ အကြာတွင် လုပ်ကြံသူရော လုပ်ကြံခံရသူကိုပါ မက္ကဆီကိုစီးတီး၏ 'ဂရင်းခရော့စ်ဆေးရုံ' သို့ ပို့လိုက်ကြသည်။ ဆရာဝန်များသည် ထရော့စကီး အသက်ရှင်ရေး အတွက် အပြင်းအထန် အားထုတ်ကြရာ၏။ သို့သော်လည်း အလုပ်ကြံခံရပြီးနောက် နှစ်ဆယ့် ခြောက်နာရီအကြာ ထိုနေ့ ညပိုင်းတွင် ကွယ်လွန်သွားလေသည်။

## နိုင်ငံတော် ဈာပန

ထရော့စကီး၏အလောင်းကို ရက်တရက် မသင်္ဂြိုဟ်ဘဲ နိုင်ငံတော်ဈာပနအဖြစ် ငါးရက်မျှ ထားပေးသည်။ ထိုရက်များအတွင်း ထရော့စကီးအား ကွန်မြူနစ်လောက၏ ပိသုကာအဖြစ် ကြည်ညိုလေးစားမှုဖြင့် လူပေါင်းသုံးသောင်းကျော်ခန့် လာရောက်ဂါရဝပြုကြ သည်။ ပြည်ပြေးဘဝဖြင့် ရက်စက်စွာ လုပ်ကြံခံရသည့်အတွက် အားလုံးကပင် ကြေကွဲဝမ်း နည်းခဲ့ကြလေသည်။

ဖရန့် ဂျက်ကဆန် ခေါ် ရာမွန် မာကေးဒါး ခေါ် ဂျက်မော်နတ်မှာ တရားရုံးမှ

mgyoe.com

ထရော့စကီးကို သတ်မှုဖြင့် ထောင်ဒဏ် အနှစ်နှစ်ဆယ် အပြစ်ဒဏ်ချမှတ်ခဲ့၏။ သူသည် ၁၉၆၀ ပြည့်နှစ် မတ်လထဲတွင် မက္ကဆီကန်အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့သည်။ သူ လွတ်မြောက်လာပြီးနောက် ၁၉၇၈ ခုနှစ် အောက်တိုဘာ ၁၈ ရက်နေ့တွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ သူ့အား ဆိုဗီယက်ယူနီယံ ကွန်မြူနစ်နိုင်ငံကြီး၏ 'သူရဲကောင်း' အဖြစ် ကြေညာခဲ့သည်။ ထိုအချိန်တွင် သူသည် သေခါနီးအချိန်သို့ ရောက်နေခဲ့လေပြီ။

## သူ့ဘဝ

လုပ်ကြံသူ ရာမွန်မာကေးဒါးအား ၁၉၁၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် စပိန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ သူ့မိခင် 'ကာရီဒက်[၁]' သည် လင်ယောကျ်ားနှင့်ကွဲကာ သားငယ် ရာမွန်နှင့်အတူ ပြင်သစ်နိုင်ငံသို့ ရောက်လာခဲ့ကြသည်။ သူ့မိခင်သည် သားငယ် ရာမွန်နှင့်အတူ ရာမွန်၏အစ်မနှင့် ညီအစ်ကိုသုံးယောက်ကိုပါ ခေါ်လာခဲ့လေသည်။

ဆယ်ကျော်သက်အရွယ်တွင် ရာမွန်အား လိုင်းယွန်အစားအသောက် အချက်အပြုတ်သင်တန်းကျောင်းသို့ ပို့ကာ ပညာသင်ကြားစေခဲ့သည်။ ထို့နောက် သူ့မိသားစုနှင့်အတူ စပိန်နိုင်ငံ ဘာစီလိုနာမြို့သို့ ပြန်သည်။ ထိုမြို့ရှိ ရှစ်ဖ်ဟိုတယ်တွင် စားတော်ကဲ (စားဖိုမှူး) အလုပ်ကို ရရှိခဲ့သည်။

ထိုအတောအတွင်း မိခင် ကာရီဒက်သည် ထင်ရှားကျော်ကြားသော ပြင်သစ် ကွန်မြူနစ်တစ်ယောက်နှင့် ငြိတွယ်ခဲ့ရာမှ သူမကိုယ်တိုင် ကွန်မြူနစ်တစ်ယောက် ဖြစ်သွားခဲ့၏။ သူမသည် မွေးထားသည့် သားသမီးများကိုပါ ကွန်မြူနစ်ဝါဒ သဘောတရားများ သက်ဝင်အောင် ရိုက်သွင်းပေးခဲ့သည်။ ဤတွင် ရာမွန်သည် ပြင်းထန်သော ကွန်မြူနစ်တစ်ယောက် ဖြစ်လာသည်။ သူ့အာဏာ တည်မြဲခိုင်မာရေးအတွက် စတာလင်က ယခုကဲ့သို့ ဆန္ဒရှိနေပါသည်ဟု သိလိုက်ရသောအခါ ရာမွန်သည် စဉ်းစားခြင်း၊ ဝေဖန်ခြင်း၊ ချင့်ချိန်ခြင်း စသည်များ မပြုလုပ်တော့ဘဲ လက်ခံခဲ့ခြင်း ဖြစ်ပေ၏။

■

---

၁။ Caridad

mgyoe.com

mgyoe.com



၁၉၇၈ ခုနှစ်၌ ဘူဂေးရီးယားအစိုးရဘက်တော်သားများက လန်ဒန်မြို့၌လုပ်ကြံခဲ့သော အသက် ၄၉ နှစ်အရွယ်ရှိ အသံလွှင့်သမား ဂျီအိုရောဂီ မားကော့ဗ်

mgyoe.com

mgyoe.com

## ဂျီအိုရောဂီ မားကော့ဗ်

အဖြစ်က ထူးဆန်းသည်။ ရုပ်ရှင်ဆန်ဆန်၊ ဝတ္ထုဆန်ဆန် အဖြစ်မျိုး။ သူလျှိုဝတ္ထုတစ်ပုဒ်ထဲက အဖြစ်နှင့်ပဲ တူသလိုလို။

သူ့နာမည်မှာ **'ဂျီအိုရောဂီ အီဗန်နော့ဗ် မားကော့ဗ်[၁]'**။ အသက်က လေးဆယ့်ကိုးနှစ်။ သတင်းဌာနတစ်ခုမှ အသံလွှင့်သူ။ သူသည် လန်ဒန်မြို့လယ်တွင် အသတ်ခံရခြင်းဖြစ်၍ သတ်ပုံမှာ . . .

အများအားဖြင့် လုပ်ကြံမှုများသည် သွေးရဲရဲ သံရဲရဲတွေ များသည်။ ချောမောခြင်း၊ ပြေပြစ်ခြင်း၊ သိမ်မွေ့ခြင်းလည်း မရှိ။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းတွေချည်း ဖြစ်၏။ ဂျမ်းစ်ဘွန်းဝတ္ထုတစ်ပုဒ်ထဲကလို ထိုကြိတ်ပစ်ခတ် သတ်ဖြတ်ခြင်းတွေက များသည်။ ယေဘုယျအားဖြင့်ပြောရမည်ဆိုပါက လုပ်ကြံမှုမြင်ကွင်းများသည် ကြည့်ရက်စရာ မရှိ၊ စိတ်ချမ်းမြေ့စရာ မရှိ။ သို့တစေလည်း ဤကိစ္စတွင်မူ . . .

### ပြဇာတ်ရေးဆရာ

'ဂျီအိုရောဂီ အီဗန်နော့ဗ် မားကော့ဗ်' သည် 'ဘူလ်ဂေးရီးယန်းပြဇာတ်ရေးဆရာ' တစ်ယောက် ဖြစ်သည်။ သူသည် သူ၏လွတ်လပ်မှုကင်းမဲ့ တရားမျှတမှုမရှိသော မွေးရပ်ဇာတိမြေ ကွန်မြူနစ်နိုင်ငံမှ ၁၉၆၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ထွက်ပြေးခဲ့သည်။ သူသည် လန်ဒန်မြို့၌ အခြေချ၍ နေထိုင်ခဲ့ပြီး အင်္ဂလိပ်အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ခဲ့သည်။ **'ဘီဘီစီ အသံလွှင့်ဌာန[၂]'** တွင် အလုပ်ရရှိကာ သာယာပျော်ရွှင်စရာကောင်းသည့် မိသားစုဘဝကို တည်ဆောက်ခဲ့လေသည်။

---

၁။ Georgieu Ivanov Markoyv
၂။ BBC World Service

mgyoe.com

mgyoe.com

မားကော့ဇ်၏ အသံလွှင့်ချက်များသည် ပုံမှန်အားဖြင့်တွက်ပါက အရှေ့ဥရောပနိုင်ငံများမှ ပြည်သူတို့အား အသိဉာဏ်ပညာ ပွင့်လင်းစေသည်။ ဗဟုသုတ တိုးတက်မြင့်မားစေသည်။ သူ အသံလွှင့်နေသည်များမှာ နိုင်ငံရေးအကြောင်းအရာများ မဟုတ်သော်လည်း အဆက်အစပ်များကတော့ ရှိနေသည်။ ထိုအဆက်အစပ်ကလေးများသည် ပြည်သူတို့၏ အမြင်ကို ကြည်လင်စေရုံမျှမက အတွေးအခေါ်နှင့် အယူအဆများကိုပါ ပြောင်းလဲစေနိုင်စွမ်း ရှိသည်။

မားကော့ဇ်ကတော့ သူ လွှင့်ထုတ်နေသမျှသည် ပြည်သူများ အဆင့်မြင့်မားရေးကိုသာ ရှေ့ရှုထားခြင်းဖြစ်၍ သူ့နိုင်ငံမှ ကွန်မြူနစ်အာဏာပိုင်များအနေဖြင့် သူ့အပေါ် မလိုမလားဖြစ်စရာ၊ မျက်မုန်းကျိုးစရာ အကြောင်းမရှိဟု ယူဆသည်။ ဤသည်တို့ကား မားကော့ဇ်၏ အတွေးအထင်များသာ ဖြစ်၏။ လက်တွေ့တွင်ကား သူ့အတွေးနှင့် အထင်များသည် မှားလေသည်။

## တစ်နေ့သောအခါ

ထိုနေ့သည် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၇ ရက် ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ဘီဘီစီ စတူဒီယိုတွင် ညဆိုင်းတာဝန်ကျနေသော ကာလဖြစ်၏။ သူတာဝန်ကျနေသော ဘီဘီစီ အသံလွှင့်ဌာန စတူဒီယိုများမှာ လန်ဒန်မြို့တော် အဲလ်ဝက်ချ်ဘက်ရှိ ဘွတ်ရှ်ဟောက်စ်တွင် တည်ရှိသည်။

ထိုနေ့က မားကော့ဇ်သည် ကလက်ဟမ်ဘက်ရှိ သူ့နေအိမ်မှနေ၍ ကားကိုမောင်းကာ အလုပ်ခွင်သို့ ထွက်လာခဲ့သည်။ မြို့ထဲတွင် ကားရပ်စရာ နေရာရှာမရနိုင်လောက်အောင် အခက်အခဲဖြစ်နေသဖြင့် မားကော့ဇ်သည် သူ့ကားကို ဆောက်သ်ဘင့်ပေါ်၌ ယာယီသဘောဖြင့် ရပ်ထားခဲ့ပြီး အလုပ်သို့ လာခဲ့သည်။ ယာဉ်သွားယာဉ်လာနှင့် ယာဉ်ရပ်မှုများကို ထိန်းသိမ်းကြီးကြပ်နေသည့်လုပ်ငန်း ရပ်ဆိုင်းသွားသည့် ညနေခြောက်နာရီခွဲအချိန်တွင် သူသည် ယာယီရပ်ထားခဲ့သည့် သူ့ကားကို ဘွတ်ရှ်ဟောက်စ်ဂေဟာနှင့် အနီးဆုံးနေရာတစ်နေရာသို့ ရွှေ့ပြောင်းကာ ရပ်ရန် ရုံးထဲမှ ပြန်ထွက်လာခဲ့လေ၏။

အဲလ်ဝက်ချ်ဘက်ရောက်၍ တန်းစီပြီး ဘတ်စ်ကားပေါ် တက်နေကြသည့် ခရီးသည်များကြားမှအဖြတ်တွင် မားကော့ဇ်၏ပေါင်ကို နောက်မှနေ၍ ထီးထိပ်ဖြင့် အထိုးခံလိုက်ရသည်။ ထီးထိပ်ဖြင့်ထိုးလိုက်မိသော လူသည် မားကော့ဇ်အား လှမ်း၍တောင်းပန်စကားပြောပြီး တက္ကဆီအငှားကားတစ်စီးကို လှမ်းတားကာ သူ့မျက်စိအောက်မှာပင် အငှားကားပေါ်တက်၍ ထွက်ခွာသွားသည်။ ထိုလူပြောသွားသည့် အင်္ဂလိပ်စကားမှာ မပီမသ နိုင်ငံခြားသားတစ်ယောက်လေသံ ဖြစ်လေသည်။

## အဖြေရှာ၍မရ

mgyoe.com

ပေါင်တွင် မမျှော်လင့်ဘဲ ရလာခဲ့သည့်ဒဏ်ရာမှာ ကြီးမားလှသည်မဟုတ်။ မဖြစ်စ

စလောက်ကလေးမျှသာ ဖြစ်သဖြင့် မကြာခင်မှာပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။ သူသည် ကားကို ရွှေ့ပြီးသည်နှင့်တစ်ပြိုင်နက် စတူဒီယိုသို့ ပြန်လာပြီး သူ့တာဝန်ကို ဆက်၍လုပ်သည်။ သူသည် အင်္ဂလိပ်ဘာသာဖြင့် သတင်းများကို ဘယ်လ်ဂျီယံဘာသာသို့ ပြန်သည်။ ည ၉း၃၀ နာရီ သတင်းများ ကြေညာသည်။ ည ဆယ်နာရီခွဲတွင် အိမ်သို့ပြန်လာခဲ့သည်။ သူ့အနေဖြင့် သောကြာနေ့ နံနက် ၃ နာရီတွင် အလုပ်ပြန်ဝင်ရမည်ဖြစ်၏။

သို့သော်လည်း နောက်တစ်နေ့တွင် သူ့ဇနီး 'အင်နာဘယ်လ်မားကော့ဗ်' က ဘွတ်ရှ်ဟောက်စ် အလုပ်ဌာနသို့ ဖုန်းဆက်သည်။ သူမ၏ခင်ပွန်း ဖျားနေသဖြင့် သူ့အလုပ် တာဝန်တွင် လူစားဝင်ပေးပါဟု အကြောင်းကြားသည်။

မားကော့ဗ်၏အခြေအနေသည် လျင်မြန်စွာပင် ဆိုးဝါးသည်ထက် ဆိုးဝါးလာသည်။ သောကြာနေ့ နံနက် ၁၀း၃၀ နာရီတွင်မှ သူ့အား စိန့်ဂျိမ်းစ်ဆေးရုံသို့ တင်လိုက်ရသည်။ ဆရာဝန်များသည် မားကော့ဗ်၏ အဖျားရောဂါကိုကြည့်ကာ စိတ်ရှုပ်လျက်ရှိ၏။ သူတို့အနေဖြင့် ဘာ့ကြောင့်ဖျားသည်ကို စဉ်းစား၍မရ၊ အဖြေရှာ၍ မရ ဖြစ်နေကြပြီ မဟုတ်ပါလား။

## သူ့အထင်

မားကော့ဗ်က ဘူလ်ဂေးရီးယန်း ကွန်မြူနစ်အစိုးရက သူ့လျှိုစေလွှတ်ပြီး သူ့အား လုပ်ကြံနိုင်းသည်ဟု ထင်ကြောင်း၊ သူ မကြာခင်က ထိုးနှင့်ထိုးမိသည့် အနာတစ်ခု ရရှိခဲ့ရာ ယင်းကိစ္စသည် ရိုးရိုးသားသား ဖြစ်လိမ့်မည်ဟု သူ မထင်ကြောင်း၊ ထီးတွင် အဆိပ်ထည့်ထား ပြီး တမင်သက်သက် ထိုးခြင်းဖြစ်ဖွယ်ရာရှိကြောင်း စသည်ဖြင့် ပြောပြသည်။

သူပြောပြသည့်အတိုင်း ဖြစ်နိုင်ဖို့ဆိုသည်မှာ မလွယ်ဟု ဆရာဝန်များက ယူဆကြ သည်။ သို့သော်လည်း သူတို့သည် လိုရမယ်ရသဘောဖြင့် ရဲကိုတိုင်ကြားခဲ့၏။ ထိုအချိန်မှာပင် မားကော့ဗ်သည် မေ့မြောသွားသည်။ ရဲများအနေဖြင့် သူ့အား စုံစမ်းမေးမြန်းခွင့် မရလိုက်ကြ တော့ပေ။ မားကော့ဗ်သည် သေဆုံးသွားချိန်အထိ လုံးဝသတိပြန်လည်လာခြင်း မရှိတော့ သဖြင့် အဖြေရှာရေးသည် မလွယ်တော့ပေ။

ချက်ချင်းပင် တာဝန်ရှိသူများ၏ စေခိုင်းချက်အရ မားကော့ဗ်၏အလောင်းကို ခွဲစိတ်စစ်ဆေးကြသည်။ ရောဂါရှာဖွေရေးမှူး ဒေါက်တာ ရူးဖပ်စ်ကွမ်တန်သည် မားကော့ဗ် သေဆုံးရခြင်း၏ အကြောင်းရင်းကို ရှာ၍မရချေ။ ဤသို့ဖြင့် အသားမျှင်နမူနာများ ယူပြီး စကော့တလန် ယတ်ဒ် စုံထောက်အဖွဲ့ ဓာတ်ခွဲခန်းသို့ ပို့၍ စစ်ဆေးခဲ့ပြန်သည်။ ထိုဓာတ်ခွဲခန်း မှလည်း ပီပြင်ပြတ်သားစွာ မပြောနိုင်ခဲ့ချေ။

## ဗြိမ်းခြောက်မှုခံရခြင်း

နောက်ထပ် အသားမျှင်များထပ်ယူကာ ဝစ်လ်ရှိုင်းယားနယ် ပေါ်တွန်ဒေါင်းရှိ ကာကွယ်ရေးဌာန ဓာတ်ခွဲခန်းသို့ပို့၍ စစ်ဆေးခဲ့ပြန်သည်။ သူတို့ ရှာဖွေတွေ့ရှိချက်များကို

mgyoe.com

mgyoe.com

အများပြည်သူတို့အား အသိမပေးခဲ့ကြပေ။ ဤအချိန်တွင် စကော့တလန်ယာဒ် စုံထောက်အဖွဲ့၏ အကြမ်းဖက်သူများ တိုက်ဖျက်ရေးတပ်စုမှ တပ်စုခေါင်းဆောင် ကွန်မန်ဒါ ဂျိမ်းစ်နီဗီးလ်နှင့် အမ် ၁၅ မှ အရာရှိများသည် ဤအမှုကို စုံစမ်းစစ်ဆေး အရေးယူလာကြသည်။ သူတို့သည် မားကော့ဗ်၏မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဘက်များအား စစ်ဆေးမေးမြန်းကြသည်။ ထိုအခါ မားကော့ဗ်၏အသက်အား လုပ်ကြံမည်ဟု လွှန်ခဲ့သော ခြောက်လကျော်ကျော်က အခြိမ်းခြောက်ခံရဖူးသည်ဟု သိလာကြရလေ၏။

မားကော့ဗ်၏ ထုတ်ဝေသူ ဒေးဗစ်ဖာရားက စစ်ဆေးသူများအား သူသိထားခဲ့ရသည့် အချက်တစ်ချက်ကို ပြောကြားခဲ့သည်။ ထိုအချက်မှာ မားကော့ဗ်ကိုယ်တိုင်က သူ့အား ပြောပြခဲ့ခြင်း ဖြစ်ပါသည်ဟုလည်း ဆိုသည်။ မားကော့ဗ်ပြောပြခဲ့သည့်အတိုင်း ဆိုပါက ဘူလ်ဂေးရီးယန်း အမျိုးသားတစ်ယောက် မမျှော်လင့်ဘဲနှင့် သူ့ထံရောက်လာခဲ့ကြောင်း၊ ထိုသူထံတွင် မားကော့ဗ်၏မိတ်ဆွေ ဂျာမန်တစ်ယောက်က ရေးပေးလိုက်သည့် မိတ်ဆက်စာတစ်စောင် ပါလာကြောင်း၊ သူတို့နှစ်ယောက်သည် အရက်အတူတူသောက်ခဲ့ရာ ဘူလ်ဂေးရီးယန်းအမျိုးသားက 'ကျွန်တော့်ကို သူတို့က ခင်ဗျားကိုသတ်ဖို့ လွှတ်လိုက်တာ။ ဒါပေမယ့် ကျွန်တော် မလုပ်ပါဘူး။ သူတို့ပေးတဲ့ငွေကို ယူပြီး ဘာမှမလုပ်ဘဲ ပြန်မှာပါ' ဟု ပြောခဲ့ကြောင်း စသည်တို့ဖြစ်လေသည်။

ဖာရား၏အဆိုအရ ထိုကိစ္စတွင် မားကော့ဗ်သည် များစွာ အလေးအနက်ပြုခဲ့သည်။ သို့သော်လည်း လန်ဒန်လိုနေရာမျိုးတွင် သူ့အား လုပ်ကြံဖို့ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာမရှိဟု ထင်ခဲ့သည်။

ဘီဘီစီ အရှေ့ဥရောပ ဌာနခွဲမှ အကြီးအကဲ မစ္စတာ ပီတာဖရာယင်ကဲလ်ကလည်း သူ့လုပ်ဖော်ကိုင်ဘက် မားကော့ဗ်သည် သူ့အသက် လုံခြုံရေးအတွက် သောကရောက်နေသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ သူ့အသက်ကို လုပ်ကြံသတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခံခဲ့ရသည်မှာလည်း သူကိုယ်တိုင်ပြောပြ၍ သိရကြောင်း စသည်ဖြင့် ပြောပြခဲ့လေသည်။

## အဆိပ်တစ်မျိုး

ဗြိတိသျှအစိုးရသည် မားကော့ဗ် အခြိမ်းခြောက်ခံခဲ့ရသည့် ကိစ္စနှင့်ပတ်သက်၍ မှန်ကန်ခိုင်လုံသည်ဟု ယူဆခဲ့သည်။ ချက်ချင်းပင် လန်ဒန်မြို့ရှိ ဘူလ်ဂေးရီးယန်းသံရုံးနှင့် ဆက်သွယ်ကာ မေးမြန်းစုံစမ်းခဲ့သည်။ သံရုံးမှ တာဝန်ရှိသူများကလည်း ဤကိစ္စတွင် သူတို့ ပါဝင်ပတ်သက်ခြင်း မရှိကြောင်း၊ သူတို့နိုင်ငံ၏ လျှို့ဝှက်ပုလိပ်အဖွဲ့မှလည်း ဤကိစ္စတွင် ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ရှင်းခဲ့သည်။

လန်ဒန်ရဲအဖွဲ့သည် 'ထီးနှင့်လူ' ကို အထူးဂရုထား၍ ရှာဖွေခဲ့ကြ၏။ သို့သော်လည်း အစအနပင် မမြင်ရ၊ မတွေ့ရသဖြင့် နောက်ဆုံးတွင် ရဲက အမှုကို ပိတ်လိုက်သည်။ နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိလာခဲ့ရသည့် အချက်အလက်များအရ မားကော့ဗ်အား လုပ်ကြံခဲ့သည့် အဆိပ်မှာ ဓာတုလက်နက်ပစ္စည်း ထုတ်လုပ်ရေးမှ ရရှိလာသော ပစ္စည်းမဟုတ်။

mgyoe.com



*သေစေသောအဆိပ် သုတ်လိမ်းထားပြီး ထီးသဏ္ဍာန်လက်နက်မှ ပစ်ခတ်ရသော မားကော့ဗ်အား သေစေခဲ့သည့် ပလက်တီနမ်ဘောစေ့သေးလေး*

ကြက်ဆူဆီပင် အသီးမှ ထုတ်ယူရရှိသည့် အလွန်ပြင်းထန်သော အဆိပ်တစ်မျိုးဖြစ်သည်ဟု သိလာရလေသည်။

## အမှန်ကို သိလိုသူ

မည်သို့ပင်ဖြစ်စေ မားကော့ဗ်အသတ်ခံရသည့် ကိစ္စတွင် မကျေမနပ်ဖြစ်နေသူ တစ်ဦး ရှိသည်။ ထိုသူကား မားကော့ဗ်၏ဇနီး မှဆိုးမ 'မစ္စက်အင်နာဘယ်လ် မားကော့ဗ်' ဖြစ်၏။ သူမသည် ခင်ပွန်းသည် သေဆုံးသွားပြီးနောက် ဆယ့်လေးနှစ်တိုင်တိုင် သူမယောကျ်ား ၏ အရေးကိစ္စကို အစိုးရမှ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့၍ စစ်ဆေးဖြေရှင်းပေးရန် တောင်းခံခဲ့သည်။

သို့သော်လည်း သူမ၏ဆန္ဒသည် ပြည့်မသွားခဲ့ချေ။ ဘူလ်ဂေးရီးယားနိုင်ငံ၌ ကွန်မြူနစ်အစိုးရ ပြုတ်ကျသွားပြီးနောက် ၁၉၉၁ ခုနှစ်တွင်မှ သူမ၏ကြိုးပမ်းအားထုတ်မှုများ အတွက် အဖြေတစ်ခု ထွက်လာခဲ့သည်။ ဘူလ်ဂေးရီးယားနိုင်ငံ၏ ခေတ်သစ်တွင် ပေါ်ထွန်းလာ သည့် အစိုးရသစ်က စိတ်မပါ့တပါဖြင့် ဝန်ခံစကား ပြောကြားသွားခဲ့သည်။

မိမိတို့ တက်မလာမီ ယခင် ကွန်မြူနစ်အစိုးရက မားကော့ဗ်အား လုပ်ကြံသတ် ဖြတ်ခဲ့သည်မှာ မှန်ကန်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ခြင်း ဖြစ်၏။ သို့သော်လည်း ယင်းလုပ်ကြံမှုအတွက် တရားမျှတစွာ ဆောင်ရွက်ပေးရေးကိုမူ ဘူလ်ဂေးရီးယားအစိုးရက အပြင်းအထန် ငြင်းဆန်ခဲ့လေသည်။

အမှန်တော့ ထီးနှင့်တူအောင် ပြုလုပ်ထားသည့် လက်နက်မှ ထွက်လာသော အလွန့်အလွန် သေးငယ်သည့် 'ပလက်တီနမ်ကျည်လုံး' တွင် အလွန်ပြင်းထန်သော အဆိပ် ပါသည်။ ယင်းအဆိပ်သည်ပင်လျှင် မားကော့ဗ်အား သေစေခဲ့ခြင်း ဖြစ်ပေသတည်း။

■

mgyoe.com

mgyoe.com



ဟယ်လင်ဟန့်က ဝန်ကြီးချုပ် စဝင်ဆာပါဆီဗယ်အား အနီးကပ် သေနတ်ဖြင့် ပစ်ခတ်နေစဉ်၊ ဆရာဝန်မရောက်မီ သေဆုံးသွားခဲ့သည်



ဝန်ကြီးချုပ် စပင်ဆာ ပါဆီဗယ် အသတ်ခံရပုံကို အောက်လွှတ်တော် အဆောက်အဦး၌ ကျောက်ဆစ်ထုထားသည့်ပုံ

mgyoe.com

mgyoe.com

# စပင်ဆာ ပါဆီဗယ်

'လုပ်ကြံမှု' သည် လူမျိုးတစ်မျိုး၏ 'စိတ်နေစိတ်ဓာတ်' နှင့်လည်း ဆက်စပ်ယှက်နွယ်နေသည်။ 'အကျင့်စရိုက်၊ ရိုးရာဓလေ့ထုံးစံများ' နှင့်လည်း ဆက်စပ်ပတ်သက်နေသည်။

အချို့သော လူမျိုးများသည် လုပ်ကြံမှုတစ်ခုကို 'ထမင်းစားရေသောက်' သဘောထားကာ လွယ်လင့်တကူ ပြုလုပ်တတ်ကြသည်။ သူတို့အနေဖြင့် မိမိတို့လုပ်ကြံမည့်လူ၏ တန်ဖိုးကိုလည်း မသိ၊ ထိုပုဂ္ဂိုလ်၏ အရေးပါအရာရောက်မှုကိုလည်း နားမလည်။ လတ်တလော မုန်းတီးမှုနှင့် မနာလိုမှုများကို အခြေခံကာ လုပ်ကြံမှု ပြုတတ်ကြ၏။

ထို့ကြောင့်လည်း အချို့သော လုပ်ကြံမှုများသည် တစ်နိုင်ငံလုံးကိုလည်းကောင်း၊ တစ်မျိုးသားလုံးကိုလည်းကောင်း ထိခိုက်နစ်နာစေသည်။ အချို့သော လုပ်ကြံမှုများသည် တစ်ကမ္ဘာလုံးကိုပင် ထိခိုက်နစ်နာစေခဲ့၏။ ယင်းအချက်များသည် အသိဉာဏ်ရှိသူတိုင်း၊ စဉ်းစားဆင်ခြင်မှုကို အလေးဂရုပြုတတ်သူတိုင်း စိတ်နေစိတ်ဓာတ် အထက်တန်းကျသူတိုင်း လက်ခံစဉ်းစားရမည့် အချက်များ ဖြစ်လေရာ . . .

## ဗြိတိသျှမဆန်သော အလုပ်

'လုပ်ကြံမှု' သည် အလွန့်အလွန် ဗြိတိသျှမဆန်သည့် လုပ်ရပ်တစ်ခုဟု ဗြိတိသျှလူမျိုးတို့က ယုံကြည်ကြသည်။ ဗြိတိသျှလူမျိုးတို့၏ စိတ်နေစိတ်ထားနှင့် အကျင့်စရိုက်ကို သိရှိနားလည်နေကြသော အခြားလူမျိုးများကလည်း လုပ်ကြံမှုနှင့် ပတ်သက်လာလျှင် ထိုကဲ့သို့ပင် မြင်ကြလေသည်။

တကယ်တော့လည်း ဗြိတိသျှဝန်ကြီးချုပ်၏ အနေအထားသည် အမေရိကန်ပြည်ထောင်စု၏ သမ္မတကဲ့သို့ပင် လုံခြုံမှု အလွန်ရှိသည်။ ယင်းအစိုးရနှင့် ပတ်သက်လာလျှင် ခြွင်းချက်ထားရမည့် ဝန်ကြီးချုပ်ဟူ၍ တစ်ဦးတည်းသာ ရှိ၏။ ယင်းမှာ 'ဗြိတိသျှဝန်ကြီးချုပ်

mgyoe.com

စပင်ဆာ ပါဆီဗယ်[၁] ပေတည်း။

ပါဆီဗယ်သည် ၁၈၀၉ ခုနှစ်တွင် ဗြိတိသျှဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ကျန်းမာရေး မကောင်း၍ ရာထူးမှ နှုတ်ထွက်သွားရသော ဝန်ကြီးချုပ် ပို့တ်လန်မြို့စား၏ နေရာကို ဆက်ခံခဲ့ခြင်း ဖြစ်၏။

## ဂျွန် ဘယ်လင်ဟမ်

အမှန်အားဖြင့် စပင်ဆာ ပါဆီဗယ်သည် ထူးခြားထက်မြက်သော ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပေ။ နိုင်ငံရေးသမားတစ်ယောက် အနေဖြင့်လည်း သူသည် အရည်အသွေးမြင့်မားပြီး ထူးခြားသူတစ်ဦး မဟုတ်ပေ။ အကယ်၍သာ သူသည် ဝတ္ထုဇာတ်လမ်းထဲက ဇာတ်ကောင် တစ်ဦးလို ဇာတ်ဆန်ဆန် မသေခဲ့ပါမူ သူ၏ ဝန်ကြီးချုပ်ဘဝသည် မထင်မရှားဖြင့် အဆုံးသတ်ရဖို့သာ ရှိလေသည်။

ဝန်ကြီးချုပ် ပါဆီဗယ်သည် 'ဂျွန်ဘယ်လင်ဟမ်[၂]' ၏ လက်ချက်ဖြင့် အသက် သေဆုံးခဲ့ရခြင်း ဖြစ်၏။ ဘယ်လင်ဟမ်မှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်၍ သူ့လုပ်ငန်း အများအပြားသည် ရုရှားနိုင်ငံ၌ တည်ရှိသည်။ ထို့ကြောင့်လည်း သူသည် ထိုနိုင်ငံသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာလေ့ရှိ၏။

၁၈၁၁ ခုနှစ်တွင် သူသည် ရုရှားနိုင်ငံသို့ ရောက်သွားခဲ့ရာ ဇာဘုရင်၏ ပုလိပ်အဖွဲ့မှ ဖမ်းဆီးခြင်း ခံရသည်။ ထို့နောက် ထောင်သွင်းအကျဉ်းချခြင်းကို ခံရသည်။ ဤအတွက် ဖြစ်ပေါ်လာခဲ့သည့် အကျိုးသက်ရောက်မှုများမှာ ဘယ်လင်ဟမ်၏ စီးပွားရေးလုပ်ငန်းအားလုံး သည် ပျက်ပြားသွားရသည်။ သူ့ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာအားလုံးကိုလည်း လက်လွတ်ဆုံးရှုံး ခဲ့ရလေ၏။

## သူ့ဒေါသ

ထောင်မှလွတ်လာသည့်အခါ ဘယ်လင်ဟမ်သည် သူခံခဲ့ရသည့် ကိစ္စအတွက် များစွာ မကျေမနပ်ဖြစ်သည်။ မခံမရပ်နိုင်ဖြစ်သည်။ သူ ခံခဲ့ရသည့်ကိစ္စအတွက် ရုရှားနိုင်ငံ စိန့်ပီတာဘတ်မြို့ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံးသို့ တင်ပြတိုင်ကြားခဲ့ရုံမျှမက သူ့အား လိုအပ်သလို ကူညီရန်လည်း မေတ္တာရပ်ခံသည်။ သို့သော်လည်း သူ့အဆိုအရ ကောင်စစ်ဝန်ရုံးမှ အရာရှိ များသည် သူ့အတွက် အကူအညီ မရ။

ဘယ်လင်ဟမ်သည် ဒေါသကြီးခြင်းနှင့် နာကျည်းခြင်းကို ရင်ဝယ်ပိုက်ကာ လန်ဒန် သို့ ပြန်လာသည်။ သူသည် ဝန်ကြီးချုပ် စပင်ဆာပါဆီဗယ် အပါအဝင် နိုင်ငံရေးသမားများထံ

၁။ British Prime Minister Spencer Perceval
၂။ John Bellingham

mgyoe.com

စာအများအပြားရေး၍ ရုရှားအစိုးရ၏ တာဝန်ရှိသူများအား လိုအပ်သလို အရေးယူပေးရန် တောင်းခံခဲ့လေသည်။

ဗြိတိသျှနိုင်ငံရေးသမားများသည် သူ့စာများကို အရေးတယူ လက်ခံဖတ်ရှုခြင်း မပြု။ ဖြစ်လာသမျှသည် ရုရှားအစိုးရ၏ အပြစ်မဟုတ်။ ရုရှားနိုင်ငံ၏ ဥပဒေများကို မလေးစား မလိုက်နာသော ဘယ်လင်ဟမ်၏ အပြစ်သာဖြစ်သည်ဟု ပြောကြသည်။

## လုပ်ကြံခြင်း

၁၈၁၂ ခု မေလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ဘယ်လင်ဟမ်သည် 'အောက်လွှတ်တော်' သို့ ရောက်လာသည်။ သူသည် လွှတ်တော်ဧည့်ဆောင် ခန်းမကြီးထဲမှနေ၍ ဝန်ကြီးချုပ် ရောက်အလာကို စောင့်နေသည်။ မကြာခင်မှာပင် ဝန်ကြီးချုပ်သည် ဒေါင်းနင်းလမ်းမှနေ၍ လွှတ်တော်ခန်းမသို့ ရောက်လာသည်။

ပါဆီဗယ်သည် လူလုံးလူဖန် ပိန်သေးသေးနှင့် အရပ်ပုပုလူတစ်ယောက်ဖြစ်၏။ သူသည် ဧည့်ခန်းထဲမှ ကပျာကရာဖြတ်ကာ လွှတ်တော်ခန်းမဆီသို့ လျှောက်သွားသည်။ ထိုအခိုက်မှာပင် ဂျွန်ဘယ်လင်ဟမ်သည် တိုင်ကြီးတစ်တိုင်နောက်တွင် ရပ်နေရာမှ ဖြတ်ကနဲ ထွက်လာသည်။ သူ့လက်ထဲမှ ပစ္စတိုဖြင့် လက်တစ်ကမ်းအကွာမှနေ၍ ဝန်ကြီးချုပ်အား လှမ်းပစ်သည်။ ကျည်ဆံသည် ဝန်ကြီးချုပ်၏ ရင်ဘတ်ကို ထိသည်။ ပါဆီဗယ်အား လွှတ်တော်ဥက္ကဋ္ဌ၏ ခန်းမတွင်းသို့ အမြန်ဆုံး သယ်ဆောင်သွားကြသည်။ သို့သော်လည်း ပါဆီဗယ်သည် ဆရာဝန်တစ်ဦးတလေမှ ရောက်မလာမီ သေဆုံးသွားခဲ့လေ၏။

## ဘယ်မှာလဲ လူသတ်သမား

ထိုအတောအတွင်း ဧည့်ခန်းမကြီးထဲ၌ ရောက်နေသော လူတစ်အုပ်သည် သေနတ်ဖြင့် ပစ်လိုက်သောကိစ္စကို ဆူဆူညံညံ ပြောဆိုနေကြသည်။ လူအုပ်ထဲမှ တစ်ဦးက 'သေနတ်နဲ့ပစ်တဲ့ လူဆိုးကောင် ဘယ်မှာလဲ၊ ဘယ်ရောက်သွားလဲ' ဟု မေးသည်။ ဘယ်လင်ဟမ်သည် ထိုလူအုပ်ထဲမှ ထွက်လာပြီး 'လူဆိုးကောင် ဒီမှာ၊ ကျုပ်ပဲ' ဟု ပြန်ပြောသည်။ သူ့အား ဝိုင်းဝန်းဖမ်းဆီးကာ ဝက်စ်ပင်စတာနန်းတော် အကျဉ်းထောင်သို့ ပို့လိုက်ကြလေသည်။

ဘယ်လင်ဟမ်သည် 'အင်ဂလို အိုင်းရစ်' ကပြားဖြစ်သည်။ 'ဒီကိစ္စဟာ ကိုယ်ရေးကိုယ်တာ နာကျည်းချက်ကြောင့် ဖြစ်သွားရတာပါ' ဟု သူက ပြောသည်။ 'ကျုပ် ဘာလုပ်ခဲ့မိတယ်ဆိုတာ ကျုပ်သိပါတယ်။ ဒါဟာ အစိုးရဘက်က တရားမျှတမှုကို ပေးဖို့ ငြင်းဆန်ခဲ့တဲ့အတွက် ဖြစ်လာရတာပါ"

mgyoe.com

mgyoe.com

## စိတ်မှန်ရဲ့လား

သူလုပ်ပုံနှင့် ပြောဆိုပုံများကို ကြည့်ပါက ဘယ်လင်ဟမ်သည် သူ့စိတ်ကို ပုံမှန်အနေအထား၌ ရှိနေအောင် မထိန်းသိမ်းနိုင်သည်မှာ သေချာလျက်ရှိ၏။ အိုးလ်ဘေလီ၌ သူ့အမှုကို စစ်ဆေးသည့်အခါ တရားရုံးမှ ဤအချက်ကို ရှုမြင်သုံးသပ်ခဲ့သည်။ အထူးသဖြင့် ပြစ်မှုကျူးလွန်စဉ်က ဘယ်လင်ဟမ်၏စိတ်သည် ပုံမှန်အခြေအနေ၌ မရှိ။ သူရင်ဆိုင်ခဲ့ရသည့် နစ်နာမှုများ၊ ပျက်စီးမှုများနှင့် မတရားခံရမှုများကြောင့် စိတ်ရှုတ်ထွေးနောက်ကျိကာ ဒေါသအဆမတန်ကြီးနေချိန် ဖြစ်သည်ဟု တရားရုံးက ယူဆသည်။

ဤသို့ဖြင့် ဥပဒေသဘောအရ ရာဇဝတ်သားတစ်ဦးအပေါ်၌ သူကျူးလွန်သည့် ပြစ်မှုအတွက် တာဝန်ရှိစေသင့်၊ မသင့်ဟူသော ပြဿနာ အတိအကျသတ်မှတ်နိုင်ရေးကို စဉ်းစားဆင်ခြင် ဆွေးနွေးညှိနှိုင်းလာခဲ့ကြသည်။ ဘယ်လင်ဟမ်အား စစ်ဆေးခဲ့သည့် တရားရုံးတွင် 'ဆာဂျမ်းစ် မင်းစ်ဖီးလ်[၁]' သည် ဤအချက်ကို တင်ပြကာ စဉ်းစားဝေဖန်ရန် တိုက်တွန်းခဲ့သည်။

ဆာဂျိမ်းစ် မင်းစ်ဖီးလ်က အကျဉ်းသား သို့မဟုတ် တရားခံသည် ပြစ်မှုကိုကျူးလွန်သောအချိန်က သူ့စိတ်တွင် အကောင်းနှင့်အဆိုး ဝေဖန်ပိုင်းခြားနိုင်သောအသိဉာဏ် ရှိ မရှိ စဉ်းစားသင့်သည်ဟု တင်ပြခဲ့သည်။ သူ့တင်ပြချက်ကို အများက သဘောတူလက်ခံခဲ့ကြ၏။

## အမြင်သစ်သော်လည်း . . .

နောက် နှစ်ပေါင်းသုံးဆယ်ကြာသည့်အခါ ယင်းပြဿနာအတွက် 'ရှင်လင်းချက်' သည် အင်္ဂလိပ်ဥပဒေ၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။ အထူးသဖြင့် 'ရာဇဝတ်မှု ကျူးလွန်သူ၏ စိတ်ဓာတ်ကြံ့ခိုင်မှုအခြေအနေ ဆန်းစစ်ရေး' သည် အဓိကကျလာခဲ့၏။

သို့တစေလည်း ထိုလုပ်ကြံမှုကို စစ်ဆေးနေချိန်ကမူ ဆွေးနွေးလျှောက်လဲချက်များသည် တရားခံ ဂျွန် ဘယ်လင်ဟမ်အား အထောက်အကူ မပြုခဲ့ချေ။ တဒင်္ဂမျှ ရူးသွပ်သလိုဖြစ်သွားသော စိတ်ဓာတ်မကြံ့ခိုင်မှုကြောင့် ထိုအပြစ်ကို ကျူးလွန်မိခဲ့ခြင်း ဖြစ်ပါသည်ဟူသော လျှောက်လဲချက် သို့မဟုတ် အသနားခံမှုကို တရားရုံးမှ လက်ခံစဉ်းစားခြင်း မပြုခဲ့ပေ။

ဤသို့ဖြင့် ဝန်ကြီးချုပ် စပင်ဆာပါဆီဗယ်အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက် သီတင်းတစ်ပတ်မျှအကြာ ၁၈၁၂ ခု မေလ ၁၈ ရက်နေ့တွင် လုပ်ကြံသူ ဂျွန် ဘယ်လင်ဟမ်သည် အိုးလ်ဘေလီ တရားရုံး၏ နောက်ဘက်ရှိ နယူးဂိတ်အကျဉ်းထောင်ကြီးအတွင်း၌ ကြိုးပေး၍ သတ်ဖြတ်ခြင်း ခံသွားခဲ့ရလေ၏။

မည်သို့ပင်ဖြစ်စေ၊ ဂျွန်ဘယ်လင်ဟမ်၏ အမှုသည် ဗြိတိသျှဥပဒေသမိုင်းတွင်

---

၁။ Sir James Mansfield

mgyoe.com

မှတ်တိုင်တစ်တိုင် ဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဟူမူ ထိုအချိန်မှစ၍ ရာဇဝတ်မှုကျူးလွန်သူ၏ ကျူးလွန်စဉ်က တဒင်္ဂဖြစ်ပေါ်လာခဲ့သည့် စိတ်ပိုင်းအခြေအနေကို ထည့်သွင်းစဉ်းစားခြင်းနှင့် ယင်းသို့ စဉ်းစားဝေဖန် သုံးသပ်ပြီးခါမှ ကျူးလွန်သူအပေါ်၌ တာဝန်ရှိစေသင့် မသင့် ဆုံးဖြတ်ခြင်းကိုပြုရန် တရားဥပဒေက ခွင့်ပြုလိုက်သည် မဟုတ်ပါလော . . . ။

■

mgyoe.com